# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၅၁)




# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(နေပြည်တော်) ရုံးသစ်နှင့် နည်းပညာဆိုင်ရာ စာကြည့်တိုက်ဖွင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး တက်ရောက်

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်)ရုံးသစ်ဖွင့်ပွဲနှင့် နည်းပညာဆိုင်ရာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ အဆိုပါရုံးအဆောက်အအုံရှေ့မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးခင်မောင်ချို၊ ဦးဝင်းခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**အမွှေးနံ့သာ ပက်ဖျန်း**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်) အဆောက်အအုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးစဉ်

(သတင်းစဉ်)




မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်) အဆောက်အအုံသစ်ကို တွေ့ရစဉ်

(သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုရွန်တိုမြို့ရှိ မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံ

**တိုရွန်တို ဇွန် ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တိုရွန်တိုမြို့ မြို့တော်ခန်းမ၌ ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် နေထိုင်ကြသည့် မြန်မာအသိုက်အဝန်းနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုရွန်တိုမြို့တော်ဝန်က မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားရာတွင် "ကျွန်မတို့ ဒီမှာလာရတဲ့ အဓိကအကြောင်းရင်းကတော့ Forum of Federations ဆိုတဲ့ အဖွဲ့ကနေပြီး ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီသောအားဖြင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရေးစနစ်အကြောင်း ပိုမိုပြီး နားလည်အောင် ဖိတ်ခေါ်တာဖြစ်ပါတယ်။ လာတဲ့အဖွဲ့ထဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်တွေပါတယ်။ အစိုးရအဖွဲ့ ကိုယ်စားလှယ်တွေပါတယ်။ တပ်မတော်ကိုယ်စားလှယ်တွေ ပါပါတယ်။

**အများကြီးသင်ယူစရာတွေရှိ**

"ဒီကို လာတဲ့အခါမှာ ကိုယ့်အမြင်၊ သူ့အမြင် ဖလှယ်ခွင့်ရတယ်။ နောက် ကျွန်မတို့ အားလုံးရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေအကြောင်းလည်း ပိုပြီးသိလာရတယ်။ ကနေဒါနိုင်ငံရဲ့ ဖက်ဒရယ်တည်ဆောက်မှုလမ်းကြောင်းဟာ ကျွန်မတို့နိုင်ငံလောက် မခက်ခဲခဲ့ပေမယ့် အများကြီးသင်ယူစရာတွေရှိခဲ့ပါတယ်။ ကနေဒါနိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုအနေနဲ့ ခိုင်မာသွားပြီဆိုတော့ စိန်ခေါ်မှုတွေ ဘယ်လိုရင်ဆိုင်ခဲ့ရသလဲ၊ ကျော်လွှားခဲ့ရသလဲ၊ စိန်ခေါ်မှုတွေဟာ ဘယ်တော့မှ အဆုံးမရှိဘူးဆိုတာ ကျွန်မတို့နားလည်ဖို့လိုပါတယ်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻





မြန်မာ့အလင်း

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ပီပြင်သောမူဝါဒ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ မူဝါဒတစ်ရပ်ကို ရှင်းလင်းအတည်ပြု ပြောကြားခဲ့ပါသည်။ ဤမူဝါဒမှာ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုး ထုတ်လုပ်တင်ပို့မှုကဏ္ဍတစ်ရပ်လုံး၌ ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုမည်ဟူသော မူဝါဒဖြစ်ပါသည်။ တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်က ကျေးလက်ဒေသတွင် နေထိုင်ကြသော မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုး၌ ဤမူဝါဒသည် အခြေခံလိုအပ်ချက်ဖြစ်သော်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့၏ ရည်မှန်းချက်ကို ရှင်းရှင်းလင်းလင်းသတ်မှတ်ပြဋ္ဌာန်းရန်လိုအပ်သည်ဟု ယူဆပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက တောင်သူလယ်သမားအများစုသည် တစ်ဦးချင်းပျမ်းမျှ ငါးဧကနှင့် ၁၀ ဧကသာ ပိုင်ဆိုင်သည်ကို ထောက်ပြ၍ လယ်ယာစိုက်ပျိုးရေးအခြေခံစီးပွားရေး (Agriculture Based Economy) တည်ဆောက်သင့်သည်ဟု ရှင်းလင်းပြောဆိုခဲ့သောကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တို့၏ ရင်းနှီးမြှုပ်နှံမှုသည် တောင်သူလယ်သမားတို့၏ ဘဝမြှင့်တင်ရေးဖြစ်သည်ဟု နားလည်ပါသည်။ သို့ဖြစ်၍ ဤမူဝါဒရည်မှန်းချက်ကို လေးစားစွာကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ ရွှေ့ပြောင်းခဲ့ခြင်းသည် ဤမူဝါဒကို ထင်ဟပ်သော လုပ်ဆောင်ချက်ဟု နားလည်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လွတ်လပ်ရေးရပြီးချိန်မှစ၍ ကျင့်သုံးခဲ့သော မူဝါဒကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ ရာသီအလိုက် မိုးသီးနှံ(သို့မဟုတ်) ဆောင်းသီးနှံ (သို့မဟုတ်) မိုးကြိုသီးနှံတို့အတွက် ထုတ်ချေးခြင်းနှင့် သီးနှံတစ်မည် (သို့မဟုတ်) နှစ်မည်အတွက် ထုတ်ချေးခြင်းကဲ့သို့သော မူဝါဒတို့သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်မှုကို မဆောင်ကြဉ်းနိုင်ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက သုံးသပ်တင်ပြထားပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စိုက်ပျိုး၊ ကြိတ်ခွဲ၊ ရောင်းချ၊ တင်ပို့ဟူသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းစဉ်တစ်ရပ်လုံးအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်သည်ဟုလည်း ထောက်ပြထားပါသည်။ ဤကဲ့သို့သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းစဉ် တစ်ရပ်လုံးအတွက် ရင်းနှီးမြှုပ်နှံမှုတို့သည် တောင်သူလယ်သမားအများစု၏ ဘဝမြှင့်တင်ရေးကို အခြေခံ၍ချမှတ်မည်ဟု နားလည်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုတို့ ဖန်တီးဖော်ဆောင်ရာ၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သော်လည်း နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လက်တွဲဆောင်ရွက်မှုစနစ်တို့အား ကြံဆဖော်ဆောင်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းက ပြောကြားခဲ့ပါသည်။ ဤသို့သော ပြောကြားချက်သည် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ခွန်အားသစ်သွန်းလောင်းလိုက်ခြင်းဖြစ်သည်ဟု လေးလေးနက်နက် ယုံကြည်သောကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဤပီပြင်သော မူဝါဒကို ကြိုဆိုထောက်ခံကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးအဖွဲ့ဝင်များ ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တင်သွင်းသည့် အစီရင်ခံစာအား မြို့နယ်အမှုဆောင်အဖွဲ့ ကိုယ်စားအတွင်းရေးမှူး ဗိုလ်ကြီးတင်မောင်ဝင်း(ငြိမ်း)က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၇၀ နှင့်အထက် သက်ကြီးအဖွဲ့ဝင်များအား ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)က ထောက်ပံ့ငွေများပေးအပ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော အဖွဲ့ဝင်များ၏ သား၊ သမီးများနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အဖွဲ့ဝင်၏ မြေး၊အရန်အဖွဲ့ဝင်၏ သား၊သမီးများအား စစ်ဆေးရေးမှူး ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)က ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကရင်တိုင်းရင်းသားသုံး ရှေးဟောင်းပစ္စည်းများလှူဒါန်း

**ပေါင်းတည် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ရန်ကုန်-ပြည်လမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ပြတိုက်ငယ်အဖြစ်ထားရှိ၍ ပြည်သူများ လေ့လာနိုင်ရန်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှရရှိသည့် ကရင်တိုင်းရင်းသားများအသုံးပြုခဲ့သော ရှေးဟောင်းပစ္စည်းအသုံးအဆောင် ၁၄ မျိုးကို ယနေ့ နံနက်ပိုင်းက မြို့နယ် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဥက္ကဋ္ဌ ဦးစောတင်ကိုဦးနှင့်အဖွဲ့က လာရောက်လှူဒါန်းခဲ့သည်။ ထိုသို့ လှူဒါန်းမှုကို မြို့နယ် ပြန်/ဆက် ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်က လက်ခံယူသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းအသုံးအဆောင် ၁၄ မျိုးတွင် ရိုးရာ အဝတ်အစား၊ တူရိယာပစ္စည်း၊ နေအိမ်သုံးပစ္စည်းနှင့် အမဲလိုက်ရာတွင် အသုံးပြုသည့် လက်နက်များပါဝင်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**



## ထင်သာမြင်သာ ပြုပြင်စရာ

# သထုံမြို့နယ် ကမာစိုင်ကျေးရွာမှ ဒုံဝန်းကျေးရွာသို့ဆက်သွယ်ထားသော ဒုံဝန်းတာလမ်းကို ပြုပြင်ပေးစေလို

မွန်ပြည်နယ် သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကမာစိုင်ကျေးရွာမှ ဒုံဝန်းကျေးရွာနှင့် ဆက်သွယ်ထားသော ဒုံဝန်းတာလမ်း(မြေသားလမ်း)သည် ကားအသွားအလာများမှုကြောင့် ပျက်စီးယိုယွင်းနေသဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရန် ဒေသခံပြည်သူများက လိုလားဆန္ဒရှိနေကြောင်း သိရသည်။

အဆိုပါတာလမ်းသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးဘေးရှိ ကမာစိုင်ကျေးရွာမှ ဒုံဝန်းကျေးရွာအထိ ပေခြောက်ထောင်ကျော်ရှိပြီး ဘီးလင်းမြစ်ရေကြီးမှုကို ကာကွယ်မှုပေးနိုင်သည့်အပြင် ဒေသခံကျေးရွာများက အဓိကထားအားကိုးအားထားရသော တာလမ်းဖြစ်သည်။ “ သဲကားတွေက နေ့ရော ညပါ သွားလာနေတော့ နွေဆိုရင်ဖုန်၊ မိုးဆိုရင်ချိုင့်ခွက်တွေနဲ့ တော်တော်ပျက်စီးနေပြီ” ဟု ဒေသခံ ဒုံဝန်းရွာသားတစ်ဦးက ပြောသည်။ “ ဒီရွာကလယ်ကို အဓိကထားလုပ်ကိုင်ကြပြီး အခုဆောက်လုပ်ရေးတွေအတွက် လိုအပ်ချက်အရ သဲထုတ်လုပ်သူလေးဦးရဲ့ သဲကွင်းတွေ ပေါ်လာတော့ သဲတင်ယာဉ်တွေ အသုံးပြုနေတဲ့ တာလမ်းကို အချိန်မီပြုပြင်နိုင်ဖို့အတွက် သဲထုတ်လုပ်ငန်းရှင်တွေရဲ့ ပံ့ပိုးကူညီမှု၊ မိမိစီးပွားရေးအတွက်အကျိုးပြုနေတဲ့ ဒီလမ်းကို ရပ်ရွာအပေါ် အပြန်အလှန်လေးစားသောအားဖြင့် တာဝန်ယူမှုတွေ၊ ပူးပေါင်းကူညီပေးမှုနဲ့လည်း သက်ဆိုင်ပါတယ်” ဟု ဒုံဝန်းကျေးရွာ ရာအိမ်မှူး ဦးဝင်းတင်က ပြောသည်။ အဆိုပါလမ်းကို ကျေးရွာနေ ပြည်သူတွေနဲ့ လုပ်ငန်းရှင်တွေ စုပေါင်းပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူ ပြေလည်အောင် ဖြေရှင်းနိုင်ရင် ကောင်းမွန်တဲ့လမ်းကလေးဖြစ်လာမှာပါ”ဟု ဒုံဝန်းကျေးရွာ ရတနာဇေယျံကျောင်းတိုက်မှ အရှင်ဇဋိလက မိန့်ကြားသည်။



အဆိုပါလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှသာ ပြုလုပ်ပေးရန် လျာထားချက်ရှိကြောင်း၊ သထုံမြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တွေ့ဆုံပွဲတစ်ခုတွင်ပြောကြားခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ဒုံဝန်းကျေးရွာသည် အိမ်ခြေကိုးရာကျော်ရှိပြီး လူဦးရေ ငါးထောင်ကျော်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြကြောင်း၊ ၂၀၁၅ ခုနှစ်ပိုင်းက လျှပ်စစ်မီးရရှိခဲ့ပြီး နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်လာရာ ကျေးရွာအတွင်းရှိလမ်းများ အားလုံးနီးပါး ကွန်ကရစ်လမ်းများတည်ဆောက်ပြီးစီးနေပြီး ယခုအနီးပတ်ဝန်းကျင်ဒေသများနှင့် ဒေသခံများ အဓိကအားထားနေရသည့် ဒုံဝန်းတာလမ်းသည် ပျက်စီးယိုယွင်းနေသည့်အတွက် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးစေနိုင်ရန် ပြည်သူများက ဆန္ဒရှိနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၀-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၅ | ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ | ·၇၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၀၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

***✻ ရှေ့ဖုံးမှ***

လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ အသင်းဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဦးဝင်းခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ဦးအေးမြင့်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်)ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်)ရုံးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဦးဝင်းခိုင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရုံးအဆောက်အအုံဥပစာတွင် ခရေပင်ကို စိုက်ပျိုးပေးကြသည်။

**အမွှေးနံ့သာပက်ဖျန်း**

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်) အဆောက်အအုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာဖြင့် ပက်ဖျန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် စာကြည့်တိုက်အလှူရှင်ကိုယ်စား MPRL E & P Pte L.td အထွေထွေမန်နေဂျာ ဦးမျိုးတင်တို့က နည်းပညာဆိုင်ရာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်သည်တော်များသည် နည်းပညာဆိုင်ရာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်**

ထို့နောက် အသင်းရုံးခန်းမ၌ ဖွင့်ပွဲဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနာယက၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ဖွံ့ဖြိုးပြီးနိုင်ငံများကိုကြည့်ပါက အခြေခံအားဖြင့် အင်ဂျင်နီယာကဏ္ဍ၏ တီထွင်မှုများ၊ ဆန်းသစ်မှုများမှတစ်ဆင့် စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံများလည်း ထွန်ယက်ရေး၊ ရိတ်သိမ်းခြွေလှေ့ရေးနှင့် ကုန်ချောအဖြစ်ဈေးကွက်သို့တင်ပို့ရေး၊ သယ်ယူပို့ဆောင်ရေးစသဖြင့် အဆင့်ဆင့်သော လမ်းကြောင်းများသည် အင်ဂျင်နီယာကဏ္ဍ၏ ဆန်းသစ်မှုများဖြင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်)ရုံးအတွင်းရှိ ပြခန်းများကို ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

**အင်ဂျင်နီယာကဏ္ဍအရေးကြီး**

ထို့အတူ လူသားများ၏ Livelihood ကဏ္ဍများတွင်လည်း အင်ဂျင်နီယာကဏ္ဍ၏ တိုးတက်တီထွင်မှုများဖြင့် အစားအသောက်၊ အဝတ်အထည်၊ မော်တော်ယာဉ်၊ ရထား၊ လေယာဉ်၊ သင်္ဘော၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ လမ်းတံတား အခြေခံအဆောက်အအုံများ ပိုမိုဆန်းသစ်ပြီး လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်အဖြစ် နေထိုင်ရေးအတွက် Smart City ကဲ့သို့မြို့တော်မျိုး တီထွင်တည်ဆောက်လာကြသည်အထိ ကမ္ဘာကြီးတွင် အင်ဂျင်နီယာကဏ္ဍသည် အရေးကြီးဆုံးကဏ္ဍအနေဖြင့် ရှိနေပါကြောင်း ပြောကြားသည်။

**အကျိုးကျေးဇူးနှင့်လုပ်ငန်းစဉ်များရှင်း**

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်) ဥက္ကဋ္ဌ ဦးဝင်းနိုင်က အသင်းရုံးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မျိုးဆက်သစ်အင်ဂျင်နီယာနှစ်ဦးက အသင်း၏ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်သမ္မတထံ အမှတ်တရ လက်ဆောင်ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့က ရုံးအဆောက်အအုံ ဆောက်လုပ်ရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်)ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များနှင့်လည်းကောင်း၊ အလှူရှင်များနှင့် လည်းကောင်း စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်သည်တော်များသည် အင်ဂျင်နီယာရုံးနှင့် ရုံးဝင်းအတွင်း ခင်းကျင်းပြသထားသော စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ပြည်တွင်းကုမ္ပဏီများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**RC နှစ်ထပ်ဆောင်**

ယနေ့ဖွင့်လှစ်လိုက်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်)ရုံးသစ်နှင့် နည်းပညာဆိုင်ရာစာကြည့်တိုက်သည် နေပြည်တော်ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်တွင် တည်ရှိပြီး မြေဧရိယာအကျယ်အဝန်း နှစ်ဧကပေါ်တွင် တည်ဆောက်ထားသည့် RC နှစ်ထပ်ဆောင်ဖြစ်သည်။

**စတင်မွေးဖွား**

အင်ဂျင်နီယာလုပ်ငန်းများ ပေါ်ထွက်လာမှုကြောင့် အရည်အသွေးရှိ ပြည်တွင်းအင်ဂျင်နီယာများမွေးထုတ်နိုင်ရန် BOC ကောလိပ်ကို ၁၉၂၇ ခုနှစ်တွင် ထူထောင်၍ မြို့ပြဘာသာရပ်ကိုစတင်သင်ကြားပြီး မြန်မာအင်ဂျင်နီယာများကို စတင်မွေးဖွားပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံး အင်ဂျင်နီယာများအသင်းကို BURMAR ENGINEERING CONGRESS အမည်ဖြင့် ၁၉၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အင်ဂျင်နီယာဘာသာရပ်များဖွံ့ဖြိုးရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ရပ်ဆိုင်းခြင်းခံခဲ့ရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)ကို ၁၉၉၅ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်၌ ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သဖြင့် ယနေ့ဆိုလျှင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ သက်တမ်းသည် ၂၂ နှစ် ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဟားခါးခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကလေးများပန်းချီပြိုင်

**ဟားခါး ဇွန် ၁၀**

ကလေးများဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ စာပေ၌ ပျော်မွေ့လာတတ်စေရန်တို့ကို ရည်ရွယ်လျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟားခါးခရိုင် ပြည်သူ့စာကြည့်တိုက်၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ကလေးများ ပန်းချီပြိုင်ပွဲကျင်းပသည်။

ကလေးများပန်းချီပြိုင်ပွဲတွင် ဟားခါးမြို့ပေါ်ရှိ အမှတ်(၁)နှင့်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ချင်းဦးစီး(အ.လ.က-ခွဲ)၊ အ.လ.က-ခွဲ(ကျော့ဘုတ်)နှင့် ဟားခါးတပ်နယ်(မူလွန်ကျောင်း)တို့မှ ပဥ္စမတန်းကျောင်းသား ကျောင်းသူများက "လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရေးဆွဲခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ခရိုင်ဦးစီးအရာရှိ ဒေါ်ပုမ်ခန့်နွမ်က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒီမိုကရေစီဆိုတာ အခြေခံအားဖြင့် သဘောမတူရင်တောင်မှ မတူတဲ့သဘောထားတွေကို နိုင်ငံ့ရဲ့အကျိုးကိုကြည့်ပြီး ဖြေရှင်းနိုင်ရမယ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင်နေထိုင်သည့် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်

✻ ရှေ့ဖုံးမှ

"တချို့က ကျွန်မတို့ရဲ့ငြိမ်းချမ်းရေး ဖြစ်စဉ်ဟာ၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုတွေဟာ အခုထက်ထိ တိုးတက်မှု မရှိဘူးလို့ ဆိုတယ်။ တိုးတက်မှု ရှိတယ်၊ တစ်ခါတလေမှာလည်း ဆုတ်ယုတ်မှုရှိတယ်။ ရှေ့တိုးရင်း၊ နောက်ဆုတ်ရင်းနဲ့ လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင် သွားရမှာပဲ။ တခြားနိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ကြည့်လိုက်ရင် ဒီလိုပဲဆိုတာ မြင်ရပါလိမ့်မယ်။ တချို့နိုင်ငံတွေမှာ ဆယ်စုနှစ်ပေါင်းများစွာမက ရာစုနှစ်နဲ့ချီပြီးတောင် ငြိမ်းချမ်းရေးအတွက်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ကြိုးပမ်းခဲ့ကြရတာပါ။ ကျွန်မတို့ နိုင်ငံဟာလည်း ဒီအတိုင်းပဲ ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

## မူဝါဒတွေ ပြောင်းလဲမှု

"ကျွန်မဘယ်သွားသွား ကျွန်မတို့ရဲ့ ပရိသတ်ထဲက၊ ကျွန်မတို့နိုင်ငံက ရောက်လာတဲ့ ပြည်သူပြည်သားတွေထဲကနေ မေးခွန်းတွေကို လက်ခံဖြေကြားပါတယ်။ အဲဒီလိုဖြေတယ်ဆိုတာ ကျွန်မတို့နိုင်ငံရဲ့အခုလက်ရှိ အခြေအနေကို တတ်နိုင်သလောက် ပြည်ပရောက်နေတဲ့ ပြည်သူပြည်သားတွေကို သိစေချင်လို့ပါ။ တချို့က နိုင်ငံနဲ့ ဝေးနေပြီဆိုတော့ တကယ် ဘာဖြစ်နေသလဲဆိုတာကို သိပ်ပြီး မသိကြတာတွေလည်း ရှိပါတယ်။ ဥပမာဆိုရင် ကျွန်မခဏခဏ အမေးခံရတဲ့ကိစ္စ ။ ကျွန်မတို့ NLD အစိုးရတာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုရွန်တိုမြို့တော်ဝန် မစ္စတာ ဂျွန်တေလာနှင့်တွေ့ဆုံစဉ်

နိုင်ငံခြားရေးရုံးကနေ သံရုံးတွေက ပြည်သူပြည်သားများအပေါ်ထားတဲ့ မူဝါဒတွေ ပြောင်းလဲမှုတွေ ရှိသလား၊ ဘယ်လိုရှိသလဲ။ တခြားနိုင်ငံသားခံယူထားတဲ့သူတွေ ဗီဇာရနိုင်ပါသလား၊ နိုင်ငံရေးပတ်သက်မှုရှိတဲ့သူတွေကို အမည်မည်းစာရင်းမှာပဲ အခုထက်ထိ ထားသလား ဒီလိုမေးခွန်းတွေ မေးကြပါတယ်။

"တကယ်ဆိုရင် ဒီမေးခွန်းတွေကို ကျွန်မတို့သံရုံးတွေရဲ့ ဝက်ဘ်ဆိုက်တွေထဲမှာဝင်ကြည့်မယ်ဆိုရင် အဖြေတွေရပါလိမ့်မယ်။ တကယ်ပဲ ကျွန်မတို့နိုင်ငံရဲ့ လက်ရှိအခြေအနေကို သိချင်တယ်ဆိုရင် ဒီဝက်ဘ်ဆိုက်ကို ကြည့်ပါ၊ ကျွန်မတို့ အမည်မည်းစာရင်း သွင်းထားတယ်ဆိုတာ နိုင်ငံရေးအရ မလုပ်တော့ပါဘူး။ သာမန်ဗီဇာတွေ ပေးပါတယ်။ တချို့ခဏခဏ ဝင်လိုက်ထွက်လိုက် Multiple Entry ကို သူ့ရဲ့အလုပ်အပေါ် မူတည်ပြီး ပေးပါတယ်။ တချို့ကျတော့ အင်တာပိုလ်ကနေ သတ်မှတ်ထားတဲ့ အမည်မည်းစာရင်းမှာ ထည့်ထားတဲ့သူတွေကို မပေးပါဘူး။ ကျွန်တဲ့ ဘယ်နိုင်ငံရေးလှုပ်ရှားမှုမှာ ပါခဲ့လို့၊ ဘယ်နိုင်ငံရေးပါတီနဲ့ ဆက်သွယ်မှုရှိလို့ဆိုပြီး မပေးတာတွေ မရှိတော့ပါဘူး။ နောက်ပြီး နိုင်ငံကို ပြန်ပြီးတော့ အလည်သွားချင်တဲ့ သူတွေအတွက်လည်း အခက်အခဲ မရှိပါဘူး။ ဒါက မေးခွန်းမမေးခင် ဖြေလိုက်တာပါ။

"ကျွန်မပြောချင်တာက ကျွန်မတို့ရဲ့သံရုံးဝက်ဘ်ဆိုက်ကို ကြည့်ပါ၊ အများကြီး တွေ့ရပါလိမ့်မယ်။ အဲဒီမှာ ကိုယ်လိုချင်တဲ့ အဖြေတွေ၊ ကိုယ်သိချင်တဲ့ကိစ္စတွေ မပါဘူးဆိုရင်လည်း သံရုံးနဲ့ဆက်သွယ်ပါ။ ကျွန်မတို့ အစိုးရသစ်ဖွဲ့ကတည်းက နိုင်ငံခြားရေးရုံးမှာ မူဝါဒချပေးပြီးသားပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနက လွှတ်လိုက်တဲ့ သံတမန်တွေ၊ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ သံရုံးတွေ၊ ဝန်ထမ်းတွေရဲ့ အဓိက အလုပ်တစ်ခုဟာ ပြည်သူပြည်သားတွေကို ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့၊ ပြည်သူပြည်သားဆိုတဲ့အထဲမှာ အရင်တုန်းက နိုင်ငံသားဖြစ်ခဲ့ပေမယ့် အခု အခြားနိုင်ငံသားဖြစ်သွားပြီဆိုပြီး ခွဲခြားခြင်းမရှိဘဲ မိသားစုသဖွယ် နွေးနွေးထွေးထွေးကြိုဆိုရမယ်၊ လက်ခံရမယ်၊ ဆက်သွယ်ရမယ်ဆိုတာ မူဝါဒချပြီးသားပါ။ အဲဒီချပြီးသားအတိုင်း ကျွန်မတို့ သံရုံးတွေကလည်း လုပ်နေပါတယ်။ သံရုံးတွေအနေနဲ့ နိုင်ငံတစ်နိုင်ငံမှာ ကျွန်မတို့ နိုင်ငံက လာရောက်ပြီး အခြေချတဲ့ ပြည်သူပြည်သားတွေ ဘယ်လောက်ရှိသလဲ၊ ဘယ်မှာရှိသလဲဆိုတာ သိနိုင်မှာ မဟုတ်ပါဘူး။ ကာယကံရှင်တွေက ဆက်သွယ်မှ ဆက်သွယ်မှုရမှာပါ။ သိတဲ့သူတွေတော့ ရှိတာပေါ့၊ မြန်မာနိုင်ငံကူးလက်မှတ်နဲ့လာတဲ့ သူတွေကျတော့ သိတယ်၊ သံရုံးကလည်း ဆက်သွယ်လို့ရတယ်၊ တချို့တွေက သံရုံးကလည်း ရှိမှန်းလည်း မသိပါဘူး၊ ဒါကြောင့် ရဲရဲဝံ့ဝံ့နဲ့ ဆက်သွယ်ကြပါ၊ ကျွန်မတို့ သံရုံးက နွေးနွေးထွေးထွေးနဲ့ ကြိုဆိုမှာပါလို့ ပြောချင်ပါတယ်။

## ငြိမ်းချမ်းရေးဖြစ်စဉ်

"နောက်တစ်ခုက အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အကြောင်း အနည်းငယ်ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံအတွက် အကြီးဆုံး စိန်ခေါ်မှုတစ်ခုဖြစ်လို့ပါပဲ။ ကျွန်မတို့ နိုင်ငံဟာ လွတ်လပ်ရေးရခဲ့တဲ့ နှစ် (၇၀) နီးပါးအတွင်းမှာ လုံးဝငြိမ်းချမ်းတယ်ဆိုတဲ့ ကာလတစ်ခါမှ မရှိခဲ့ပါဘူး။ လွတ်လပ်ရေးရတဲ့နေ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာပဲ စပြီးတော့ ပြည်တွင်းစစ်က စခဲ့တာပါ။ ဒီပြည်တွင်းစစ်ဟာ အခု လုံးဝ ရပ်စဲသေးတယ်ဆိုတာ မရှိပါဘူး။ ရပ်စဲအောင်လုပ်ဖို့ဆိုတာ အင်မတန်မှ ရှုန်းကန်ယူရမယ့်ကိစ္စပဲ။ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ လမ်းဖြောင့်ဖြောင့်ကြီးကို လျှောက်သွားသလို မဟုတ်ပါဘူး။ အမှန်ပြောမယ်ဆိုရင် လမ်းဖောက်သွားရတာပါ။ တောကြီးထဲမှာ လမ်းကြီးကို ဖောက်သွားရသလိုပါပဲ။ တောထဲက လမ်းတွေကို ကျွန်မတို့ ဖောက်ရမယ်။ လမ်းကို ခင်းရမယ်၊ ချက်ချင်းခင်းတဲ့အခါ မြေကြီးလမ်းပဲ ဖြစ်ပေမယ့် တဖြည်းဖြည်းနဲ့ ရာသီစုံလမ်းဖြစ်အောင် လုပ်ရမယ်။ ရာသီစုံလမ်းဆိုတာ ခိုင်မာအောင်ပါ။

"ကျွန်မတို့နိုင်ငံမှာ လမ်းတွေဖောက်တဲ့အခါမှာ ဖောက်လိုက်၊ မိုးကျတော့ ပျက်လိုက်၊ တစ်ခါပြန်ဖောက်လိုက်၊ ပျက်လိုက်၊ အဲဒီလိုပြန်ပြန်ပြီး ပြင်ရတဲ့ လမ်းတွေလည်းရှိပါတယ်။ ကျွန်မတို့ အစိုးရတာဝန်ယူပြီးတဲ့အခါမှာ လမ်းနဲ့ပတ်သက်လို့ ချမှတ်တဲ့ မူဝါဒတစ်ခုကတော့ တစ်နှစ်တစ်နှစ် တိုးတက်မှုရှိရမယ်၊ ဒီနှစ်လည်း ဒါပဲလုပ်၊ မိုးပြီးတော့ ဒီဟာပဲ ပြန်လုပ်ဆိုတာ မဖြစ်ရဘူး။ တစ်နှစ်မှာ မြေသားဆိုရင် နောက်တစ်နှစ်မှာ ကျောက်ခင်းလမ်း၊ နောက် ကတ္တရာလမ်းစသဖြင့် တစ်ဆင့်တစ်ဆင့် တက်သွားနိုင်ဖို့ဆိုပြီး ရည်ရွယ်ပြီး ဆောက်လုပ်ရေးဘက်ကို အားပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောက်လုပ်ရေးဆိုတာ၊ လမ်းပန်းဆက်သွယ်ရေးဆိုတာ နိုင်ငံအတွက် အရေးကြီးပါတယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဆိုတော့ တစ်ဦးနဲ့ တစ်ဦးထိတွေ့မှုကလည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးကို အလေးထားတာပါ။ ငြိမ်းချမ်းရေး လမ်းကြီးကလည်း ဒီလိုပါပဲ။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့တာ ကြာပါပြီ။ ကျွန်မတို့တင် မဟုတ်ပါဘူး။ အရင်အစိုးရတွေလည်း ကြိုးပမ်းမှုတွေရှိပါတယ်။ ဒါပေမယ့် လိုချင်တဲ့ ပန်းတိုင်အထိ အခုထက်ထိ မရောက်သေးဘူး။ တိုးတက်မှုတော့ရှိတယ်ဆိုတာ ပြောနိုင်ပါတယ်။

## ငြိမ်းချမ်းရေးရအောင် လုပ်မယ်

"ဘယ်လိုပဲ ပြောပြော၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ အစည်းအဝေး နှစ်ကြိမ်ကျင်းပ ပြီးပါပြီ။ အားလုံးက ကျေနပ်သလား ဆိုတော့ မကျေနပ်ပါဘူး။ အစည်းအဝေးနှစ်ခုတည်းနဲ့ နှစ် (၇၀) ကြာခဲ့တဲ့ ပြည်တွင်းစစ်ကြီးကို အားလုံးအဖြေရှာနိုင်မယ်ဆိုရင် ဒါဟာ တော်တော်ထူးဆန်းမှာပဲ ဖြစ်ပါတယ်။ အဓိက အရေးကြီးတာက စိတ်ဓာတ်ခိုင်မာဖို့ပါပဲ။ ငြိမ်းချမ်းရေးရအောင် လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ခိုင်မာဖို့ပဲ ဖြစ်ပါတယ်။

## ဆုံးဖြတ်ပြီးတော့ ကူညီ

"အားလုံးမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ဒါက ဘာလဲဆိုတော့ နိုင်ငံအတွင်းမှာဖြစ်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်လို့ တစ်ယောက်နဲ့ တစ်ယောက်အကြားမှာ ပိုပြီး သဘောထားကွဲလွဲစေမယ့်အရာတွေကိုအားပေးမှာလား၊ အားလုံးပိုစုစည်းနိုင်မယ့်အရာတွေကို ပြုစုပျိုးထောင်သွားမှာလား။ ဒါက လူတိုင်း တစ်ယောက်နဲ့ တစ်ယောက် ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်။ ဒါက မြန်မာနိုင်ငံမှာနေပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်နေတဲ့သူတွေတင်မဟုတ်ပါဘူး၊ အခြားနိုင်ငံတွေမှာ ပြန့်ကျဲနေတဲ့ ပြည်သူပြည်သားတွေ၊ နိုင်ငံသားတွေ မဟုတ်သော်လည်း နိုင်ငံကနေထွက်လာတဲ့ ပြည်သူပြည်သားတွေကို ပြောတာပါ။ ကျွန်မတို့ ပြည်သူပြည်သားတွေအနေနဲ့ ဆုံးဖြတ်လို့ရပါတယ်။ နိစ္စဓူဝ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် စုစည်းမှုကို အားပေးမလား၊ ဒါမှမဟုတ် ပိုပြီးကွဲပြားစေတဲ့ စိတ်ဓာတ်တွေကို အားပေးမလားဆိုတာ တစ်ဦးချင်းတစ်ဦးချင်းက ဆုံးဖြတ်ပြီးတော့ ကူညီလို့ရပါတယ်။ နိုင်ငံအတွင်းမှာ တိုင်းရင်းသားလူမျိုးများအကြား မျိုးစုံရှိတာတွေ မကသေးဘူး၊ ကိုးကွယ်တဲ့ဘာသာတွေလည်း မျိုးစုံရှိပါတယ်။ ကိုးကွယ်တဲ့ဘာသာတွေ မျိုးစုံရှိတာကို အားလုံးကြားထဲမှာ သဟဇာတရှိအောင်၊ အေးအေးချမ်းချမ်းရှိအောင်လို့ ဒါက နိုင်ငံတစ်နိုင်ငံမှာ ဒီဟာကို ကြိုးစားရမှာ ဖြစ်ပါတယ်။

"နိုင်ငံတစ်နိုင်ငံအတွင်းမှာ အားလုံး ညီညီညွတ်ညွတ်နဲ့နေနိုင်မှ ဒီနိုင်ငံဟာ တကယ်ကို ရေရှည်မှာ တိုးတက်နိုင်မှာပါ။ အားလုံး တစ်ဦးပေါ်တစ်ဦး သဘောထားကြီးကြီးနဲ့ မြင်နိုင်ရမယ်၊ အပြန်အလှန်ယုံကြည်မှုတွေ တည်ဆောက်ရမယ်။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုရင် နှစ် ၃၀ နီးပါး အတိုက်အခံပါတီအနေနဲ့ ရပ်တည်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် အရင်တုန်းက အစိုးရဖြစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အတိုက်အခံပေါ့နော်။ အဲဒီထဲမှာဆိုရင် အစိုးရဝန်ထမ်းတွေနဲ့လည်း အတိုက်အခံလို့ ပြောရမှာပေါ့။ ဒါပေမယ့် အခုတော့ ဒီဝန်ထမ်းတွေနဲ့ပဲ ကျွန်မတို့ အလုပ်လုပ်နေရတာပဲ။ ကျွန်မတို့ရဲ့အမြင်ကတော့ ဒီဝန်ထမ်းတွေလည်း ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေပဲ။ ကျွန်မတို့နိုင်ငံကို ကောင်းစေချင်တာပဲ။ ဒီလိုစပြီး ကျွန်မတို့က ယုံကြည်ချက်နဲ့ ကျွန်မတို့လုပ်ပါတယ်။ တချို့က ဒီလိုယုံကြည်လို့မရဘူး၊ သူတို့စိတ်ဓာတ် ဒီလိုမဟုတ်ဘူးလို့ ပြောတယ်။ ဒါက သူတို့စိတ်ဓာတ်နဲ့ပဲ ဆိုင်တယ်။ ကျွန်မတို့ရဲ့ယုံကြည်ချက်ကတော့ အခြေခံအားဖြင့် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားအချင်းချင်းမို့ ညီညီညွတ်ညွတ်နဲ့ အေးအေးချမ်းချမ်း နေနိုင်တဲ့အခြေအနေကို ရောက်နိုင်တယ်လို့ ယုံကြည်ချက်နဲ့ ဒီမိုကရေစီ လှုပ်ရှားမှုတွေကိုဝင်ခဲ့တာပါ။ အစကတည်းက ဒီယုံကြည်ချက်မရှိရင် ဝင်ခဲ့စရာအကြောင်း မရှိပါဘူး။ ဒီမိုကရေစီ ဆိုတာ အခြေခံအားဖြင့် သဘောမတူရင်တောင်မှ မတူတဲ့သဘောထားတွေကို အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံ့ရဲ့အကျိုးကိုကြည့်ပြီး ဖြေရှင်းနိုင်ရမယ်။ ဒါကို ဦးတည်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာအသိုက်အဝန်းနှင့် မတွေ့ဆုံမီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုရွန်တိုမြို့တော်ဝန် မစ္စတာ ဂျွန်တေလာနှင့် မြို့တော်ကောင်စီဝင်များအား တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အွန်တိုရီယို ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ

**တိုရွန်တို ဇွန် ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ အွန်တိုရီယို ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စ အဲလစ်ဇဘက်နှင့် ဇွန် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တိုရွန်တိုမြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူး နေအိမ်၌ တွေ့ဆုံခဲ့ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ကလေးသူငယ်များကဏ္ဍ ဖွံ့ဖြိုးရေး၊ ကျား / မ တန်းတူရည်တူ အခွင့်အရေးရရှိရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ အွန်တိုရီယို ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စ အဲလစ်ဇဘက်တို့ တွေ့ဆုံစဉ်**

✻ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတသည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ပြန်လည် စွန့်လွှတ်မြေများ မူလတောင်သူနှင့် သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက လယ်သမားများ၏ဘဝ မျှော်လင့်ချက်နှင့် ရပ်တည်မှုဖြစ်သည့် လယ်ယာမြေများကို ပြန်လည်လွှဲပြောင်းပေးနိုင်ရန် အစိုးရအနေဖြင့် အထူးအလေးထားဆောင်ရွက်နေပါကြောင်း။

သိမ်းဆည်းမြေယာများထဲမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်များထံ မြန်မြန်ရောက်ရှိပြီး အကျိုးခံစားနိုင်ရေးအတွက် စိုက်ပျိုးရာသီအမီ အမြန်လွှဲပြောင်းပေးအပ်နိုင်ရန် အစိုးရအနေဖြင့် မူဝါဒ၊ လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေယာပြဿနာများကို လျင်လျင်မြန်မြန် ဖြေရှင်းနိုင်ရန် ဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အဆောတလျင် ဦးစားပေးဖြေရှင်းရမည့် သိမ်းဆည်းမြေဆိုင်ရာ ပြဿနာများကို စုစည်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများကို နေပြည်တော်သို့ ခေါ်ယူတွေ့ဆုံကာ ညှိနှိုင်းဖြေရှင်းပေးလျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ပြန်လည်စွန့်လွှတ်မြေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်စန်းဝင်းနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့က မူလတောင်သူများနှင့် သက်ဆိုင်သူများထံ ယာယီလယ်ယာမြေ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များကို လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်သော မြေဧရိယာ ၁၇ ဒသမ ၆၉ ဧကနှင့် စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်သော မြေဧရိယာ ၅၄၀ ဒသမ ၄၇ ဧကကို တောင်သူ ၇၆ ဦးထံ ယာယီလယ်ယာမြေ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များဖြင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘားအံမြို့၌ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် လူ ၄၀၀ ဆံ့ သဘာဝဘေးအန္တရာယ် ခိုလှုံရာအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုသည်။

ထို့နောက် ဘားအံမြို့ ပြည်သူ့ဝန်ဆောင်မှု(One Stop Shop) ရုံးသို့ ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရုံးဌာန (၁၀)ခုဖြင့် ဝန်ဆောင်မှုပေးနေသည့် အခြေအနေ၊ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်သောလုပ်ငန်းများ၊ သုံးရက်အတွင်း၊ တစ်ပတ်အတွင်း၊ နှစ်ပတ်အတွင်း ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘားအံမြို့၌ တိုင်းရင်းသားလူမျိုးများရေးရာရုံးခွဲ တည်ဆောက်ရန် လျာထားသည့် မြေနေရာအား ကြည့်ရှုသည်။

**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)သို့ ရောက်ရှိပြီး သင်တန်းကျောင်း ဆရာ ဆရာမများ၊ သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သင်တန်းကျောင်းအုပ် ဆရာကြီးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် ဂျပန်နိုင်ငံ Tokyo Metropolitan ရှိ Joto Vocational Skills Development Centre အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

**ပညာရပ်များကို အကျိုးရှိရှိအသုံးချ**

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (ဘားအံ) သင်တန်းဆင်းများ၏ ၈၃ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်သို့ ဝင်ရောက်နေကြောင်း သိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ယခုသင်တန်းကျောင်းသည် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေး အတွက် များစွာအထောက်အကူပြုပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် ပညာရပ်များကို အပြည့်အဝရရှိအောင် အကောင်းဆုံး သင်ယူပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခု သင်တန်းကျောင်းများက သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချပြီး မိမိမိသားစု၊ မိမိဒေသနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**လေ့ကျင့်သင်ကြား**

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်တန်းကျောင်း အလုပ်ရုံများအတွင်း သင်တန်းသားများအား လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာ သင်တန်းကျောင်း(ဘားအံ)ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနနှင့် အာရှ ဂျပန်ပေါင်းကူး (Bridge Asia Japan)တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် သင်တန်းစတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘားအံစက်မှုဇုန်သို့ရောက်ရှိကြပြီး သိုးမွေးစက်ရုံလုပ်ငန်းများ လည်ပတ်နေမှုနှင့် သိုးမွေးထည်များထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘားအံမြို့ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစိုးရနည်းပညာ အထက်တန်းကျောင်း(ဘားအံ) သို့ ရောက်ရှိကြပြီး နည်းပညာရပ်သင်တန်းများနှင့် သက်မွေးပညာရပ်သင်တန်းများ လက်တွေ့လေ့ကျင့် သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

**အခြေခံသင်တန်း ဖွင့်လှစ်**

အဆိုပါကျောင်းသည် ADRA-Myanmar၊ Norwegian Refugee Council ၊ Swisscontact စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ နှစ်နှစ်သင်တန်းအနေဖြင့် အဆောက်အအုံနည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်းနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်းများကို သင်ကြားပေးလျက်ရှိပြီး ကာလတို သင်တန်း(၃ လသင်တန်း)အနေဖြင့် အခြေခံကွန်ပျူတာသင်တန်း၊ အဆင့်မြင့်ကွန်ပျူတာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်မွမ်းမံစက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းသင်တန်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပြင်ဆင်တပ်ဆင်ခြင်းသင်တန်း၊ ဂဟေဆက်ခြင်းအတတ်ပညာသင်တန်း(Arc Welding) နှင့် (Gas Welding)၊ ဟိုတယ်ညှော်ကြိုနှင့် အခန်းပြင်ဆင်ခြင်းသင်တန်း၊ အမျိုးသမီးဆံပင်အလှပြင်သင်တန်း၊ အမျိုးသား ဆံပင်ညှပ်သင်တန်း၊ Motorbike Repair သင်တန်း၊ Dress Making သင်တန်းနှင့် ပန်းရန်ဆောက်လုပ်ရေး အခြေခံသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘားအံမြို့နယ် မုက္ကဒိကျေးရွာနှင့် ကျုံပိုက်ကျေးရွာ မြစ်ကမ်းပါးထိန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မုက္ကဒိကျေးရွာ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း အရှည်ပေ ၅၄၀ ကို JICA ၏ ထောက်ပံ့ငွေကျပ် သန်း ၂၂၀ ဖြင့်လည်းကောင်း၊ ကျုံပိုက်ကျေးရွာ မြစ်ကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်း အရှည်ပေ ၆၉၀ ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၄၄၃ ဒသမ ၅ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့် မူလတောင်သူများနှင့် သက်ဆိုင်သူများထံ ယာယီလယ်ယာမြေ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များ လွှဲပြောင်းပေးအပ်စဉ်**

▲ *ကျောဖုံးမှ*

“အများပြည်သူတွေ သွားလာမှုလွယ်ကူချောမွေ့စေရေး ရန်ကုန်မြို့ခရီးသွားလာရေးစနစ်အတွက် ကောင်းမွန်တဲ့ မော်တော်ယာဉ်အသစ်တွေနဲ့ အစားထိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်မြို့ YBS ယာဉ်လိုင်းများတွင် ထည့်သွင်းအသုံးပြုမည့် အဆိုပါ မော်တော်ယာဉ်များကို တရုတ်နိုင်ငံ ယူတုန်းကုမ္ပဏီနှင့် အန်းကိုင်ကုမ္ပဏီတို့မှ အစိုးရအချင်းချင်း သဘောတူညီချက်အရ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယူတုန်းကားအစီး ၅၀၀ နှင့် အန်းကိုင်ကားအစီး ၅၀၀ စုစုပေါင်းအစီး ၁၀၀၀ ဖြစ်ကြောင်း၊ ယာဉ်အားလုံးမှာ အစိုးရပိုင်ယာဉ်များဖြစ်ကြောင်း သိရသည်။

“လက်ရှိပြည်သူ့ရင်ပြင်မှာ ယူတုန်းကား အစီး ၂၅၀၊ အန်းကိုင်ကား အစီး ၁၀၀ စုစုပေါင်း ၃၅၀ ရောက်ရှိနေပါတယ်။ ဒီညမှာ သီလဝါဆိပ်ကမ်းကနေ ထပ်မံရောက်ရှိလာမှာက ယူတုန်း အစီး ၂၅၀၊ အန်းကိုင် အစီး ၁၀၀ ပါ။ နောက်နှစ်ရက်လောက်နေရင်တော့ အန်းကိုင် အစီး ၃၀၀ ရောက်မယ်။ အဲဒီကား အစီး ၃၀၀ တင်တဲ့သင်္ဘောက မြန်မာနိုင်ငံမှာရောက်ပြီ။ ဆိပ်ကမ်းကပ်ဖို့ပဲ ကျန်တော့တယ်” ဟု အန်းကိုင်ကားတင်သွင်းသူ ဒေါ်အေးအေးချိုက ပြောသည်။

အဆိုပါကားများမှာ တရုတ်ကားကုမ္ပဏီများက မြန်မာနိုင်ငံအတွက် အထူးထုတ်လုပ်ပေးထားခြင်းဖြစ်ကြောင်း၊ မကြာမီ ပြုပြင်တပ်ဆင်ရေးစက်ရုံတစ်ရုံလည်း ရန်ကုန်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းမော်တော်ယာဉ်များကို ကညနမှ တာဝန်ရှိသူများက လိုအပ်သော ပြင်ဆင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး မကြာမီ ရန်ကုန်ယာဉ်လိုင်းအသီးသီးသို့ ခွဲဝေပေးကာ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

# ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လို

**တောင်ကြီး ဇွန် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြီး ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

**ဒီမိုကရေစီစနစ် ကျင့်သုံး**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်၍ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားသည့် နိုင်ငံများသည် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံများဖြစ်ပါကြောင်း၊ စီးပွားရေး၊ လူနေမှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေးနိမ့်ပါးသည့် နိုင်ငံများကို ကြည့်ပါက အာဏာရှင်နိုင်ငံများဖြစ်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ၊ ပြည်ထောင်စုနိုင်ငံဖြစ်ရန် ကြိုးပမ်းဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း။

ဒီမိုကရေစီ အခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှုရရှိမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး(၃)ရပ်သည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

မဏ္ဍိုင်(၃)ခုသည် တစ်ခုနှင့်တစ်ခု လွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမျိုး ပြုလုပ်၍မရပါကြောင်း၊ အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း။

ကိုယ်စားလှယ်များ အနေဖြင့် မေးမြန်းသည့်မေးခွန်းနှင့် တင်သွင်းသည့် အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာကြရန်လိုကြောင်း။

**အကျိုးရှိသည့် ဥပဒေဖြစ်ရန်လို**

ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွား ဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများ လေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန် ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ ပြယုဂ်သည် လွှတ်တော်များ ဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက အစဉ် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ကိုယ်စားလှယ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးသမားများဖြစ်ပြီး ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်ရန် အထူးသတိပြုစေလိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိပါကြောင်း ပြောကြားသည်။

**သိရှိလိုသည်များမေးမြန်း**

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ပြည်နယ်လွှတ်တော် အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်



**ရန်ကုန် ဇွန် ၁၀**

"စာအုပ်စာပေထုတ်ဝေရေး လုပ်ငန်းရှင်များအနေဖြင့် အချိန်အခါတစ်ခုရောက်သည်နှင့်မိမိတို့၏ အမည်နာမများဖြင့် စာပေဆုချီးမြှင့်ခြင်းသည် ကောင်းသောအစဉ်အလာတစ်ခု ဖြစ်ကြောင်း" ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် "ယနေ့သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲတွင် သုတစာပေ၏တန်ဖိုးကို သတိရမိကြောင်း၊ စာပေအလှူရှင် စွယ်စုံမီဒီယာဂရု(ပ်) မိသားစုအနေ ဖြင့် မင်္ဂလာရှိသလို မြန်မာစာပေအဝန်း အဝိုင်းအတွက်လည်း မင်္ဂလာရှိသော နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ကြောင်း၊ မိမိတို့ မြန်မာစာပေနယ်အတွက်လည်း ကောင်းသောလက္ခဏာဖြစ်ကြောင်း၊ အလားတူ ယခုလိုဆုချီးမြှင့်မှုကို ဆောင်ရွက်မည်ဆိုလျှင် ကိုယ်တိုင်ဂုဏ်ယူစရာဖြစ်သလို မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း အထောက်အကူပြုလိမ့်မည်ဟု မြင်ပါကြောင်း၊ ယနေ့ဆုရရှိသူများသည် နောက်ထပ် ဆက်လက်ပိုမို ကောင်းမွန်ပြောင်မြောက်သည့် စာပေများကို ဖန်တီးနိုင်ရန် အထောက်အပံ့ဖြစ်ပါစေဟု ဆုတောင်းပါကြောင်း" ပြောကြားသည်။

သုတစွယ်စုံစာပေဆု အလှူရှင်၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်နှင့် စွယ်စုံမီဒီယာ ဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းအကြောင်း၊ ဆုရွေးချယ်ပုံအဆင့်ဆင့်နှင့် ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သုတစွယ်စုံ တစ်သက်တာစာပေဆုရ စည်သူ ဒေါက်တာသော်ကောင်း(ဦးသော်ကောင်း)နှင့် သုတစွယ်စုံစာပေဆု(နိုင်ငံတကာရေးရာ)ဘာသာရပ်တွင် "ခေတ်သစ်အရှေ့တောင်အာရှ" စာအုပ်ဖြင့် ဆုရရှိသူ ဦးသိန်းလှိုင်တို့ကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် စွယ်စုံမီဒီယာဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးတို့က သုတစွယ်စုံစာပေဆု(ရည်ညွှန်းစာပေ)ဘာသာရပ်တွင် "မြန်မာအမျိုးသမီးစာရေးဆရာများ၏ စာပေရုပ်ပုံလွှာ" စာအုပ်ဖြင့် ဆုရရှိသူ မောင်ခေတ်ထွန်း၊ သုတစွယ်စုံစာပေဆု(ဘာသာပြန်စာပေ)ဘာသာရပ်တွင် "သမိုင်းနှင့်လမ်းလျှောက်ခြင်း" စာအုပ်ဖြင့် ဆုရရှိသူ သန်းစိုးနိုင်၊ သုတစွယ်စုံစာပေဆု(ဝိဇ္ဇာ)ဘာသာရပ်တွင် "မြန်မာစာ၊ မြန်မာမှုကောင်းကွက်လှကွက်များ(စာပေသုတေသန၊ စာပေအတွေး၊ စာပေအရေး)"စာအုပ်ဖြင့် ဆုရရှိသူ မောင်ရဲလူ နှင့် သုတစွယ်စုံစာပေဆု(အသုံးချသိပ္ပံ) ဘာသာရပ်တွင် "အန္တရာယ်မကင်းတဲ့အချစ် (ကလေးတို့ကျန်းမာရေးသိမှတ်ဖွယ်ရာများ)" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာယုဇနစောမြင့်(ကလေးအထူးကုဆရာဝန်ကြီး)တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာတို့က လူမှုအဖွဲ့အစည်းများနှင့် စာကြည့်တိုက်များသို့ အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လည်းကောင်း၊ သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်ပေးအပ်ရာ ဆုရွေးချယ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လည်းကောင်း လက်ခံယူကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား မောင်ခေတ်ထွန်းနှင့် ဒေါက်တာ ယုဇနစောမြင့်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးသည် စာပေအလှူရှင်၊ ဆုရွေးချယ်ရေးအဖွဲ့၊ ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သုတစွယ်စုံစာအုပ်တိုက်ကို ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပညာပေးစာအုပ်များကို ထုတ်ဝေခဲ့သည်။ စာအုပ်တိုက်အနေဖြင့် ရည်ရွယ်ချက်သုံးရပ်နှင့်အညီ သုတစွယ်စုံ စာပေဆုများကို ၂၀၀၄ ခုနှစ်က စတင်၍ နှစ်စဉ် ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင် (၁၂)ကြိမ်မြောက် ဖြစ်သည်။

သုတစွယ်စုံစာပေဆုချီးမြှင့်ရာတွင် တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၂၀၊ ဘာသာရပ်စာအုပ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ၁၀ သိန်းချီးမြှင့်ကြောင်းနှင့် သုတစွယ်စုံစာအုပ်တိုက်သည် နိုင်ငံတော်၏ မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေလောက တိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သောအားဖြင့် သုတ စွယ်စုံစာပေဆုများကို နှစ်စဉ်မပျက် ချီးမြှင့်ခဲ့ရာ ယခု(၁၂)ကြိမ် မြောက်အထိ စုစုပေါင်း ၉၂ ဆု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း- ရီရီမြင့်၊ ဉမ္မာသန့်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ဆောက်ရန် ငွေလှူ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ တည်ဆောက်လျက် ရှိသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားပြီး အလှူရှင် သုံးဦးတို့က အလှူတော်ငွေကျပ် ၁၆၁ သိန်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းထစ်ချုန်းရွာပြီး ခေတ္တမှုန်သည်းထန်နိုင်သည်။

**ဒေသအလိုက် မိုးကြီးနိုင်**

ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ပါသည်။

**(မိုး/ဇလ)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ပို့ဆောင်ရေးလေယာဉ် Y-8 တွင် ပါရှိသွားသူများ၏ ကျန်ရစ်သူများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၁၀**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် တပ်မတော်ပို့ဆောင်ရေး လေယာဉ် Y-8 တွင် ပါရှိသွားသည့် လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်ရစ်သူများ အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြား သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီဒီယာများအား ရှင်းလင်းပြောကြားစဉ်

**ရှင်းလင်းပြောကြား**

တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်က တပ်မတော်ပို့ဆောင်ရေးလေယာဉ် Y-8 ပျက်ကျခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန် ၇ ရက် မွန်းလွဲ ၃ နာရီခန့်တွင် စတင်သတင်းရရှိမှု၊ ယင်းလေယာဉ် တွင်ပါရှိသည့်ဆီဖြင့် မောင်းနှင်နိုင်သည့် အချိန်အထိ သတင်းစောင့်ဆိုင်းခဲ့ပြီး တစ်ချိန်တည်းတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် ပြင်ဆင်လုပ်ဆောင် ခဲ့မှု၊ လေယာဉ်ပျောက်ဆုံးကြောင်း သေချာသည့်အချိန်မှစ၍ သတင်းထုတ် ပြန်ခဲ့မှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

လက်ရှိအခြေအနေတွင် လေယာဉ် အစိတ်အပိုင်းတချို့နှင့် ရုပ်အလောင်း ၃၃ လောင်း ရှာဖွေတွေ့ရှိထားပြီး ဆိုးရွားသည့်ရာသီဥတုအတွင်း ခက်ခက် ခဲခဲဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များကို ဆောင်ရွက်နေပြီး မိမိနိုင်ငံ ပိုင်နက်အတွင်း ပျက်ကျခြင်း၊ အထောက် အထားတချို့ ရရှိနေခြင်းတို့ကြောင့် မကြာမီ ပျက်ကျလေယာဉ်အား ရှာဖွေ တွေ့ရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ရှင်းလင်းပြောကြား၍ သတင်းဌာန တချို့မှ အတည်မပြုနိုင်သည့် ကောလာ ဟလသတင်းများ ရေးသားဖော်ပြခဲ့မှု၊ လူမှု ကွန်ရက်တချို့၌ လေယာဉ်ပေါ်တွင် ပါရှိသွားသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျန်ရစ်သူမိသားစုများ အပေါ် ထိခိုက်နစ်နာစေသည့် ရေးသား ဖော်ပြမှုများ မပြုလုပ်သင့်ကြောင်း ထည့်သွင်းပြောကြားသည်။



တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး အလှူငွေ လှူဒါန်းစဉ်

**ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (ငြိမ်း)နှင့်ဇနီး ဗိုလ်မှူး ဒေါ်မြမြစန်း(ငြိမ်း)မိသားစုက ငွေကျပ် သိန်း ၃၀၀၊ တပ်မတော်အရာရှိကြီးများ မိသားစုက ငွေကျပ် ၄၃၁ သိန်း၊ ဒုတိယ တပ်မတော်အရာရှိချုပ်များနှင့် မိသားစု များက ငွေကျပ် ၁၅၈ သိန်း၊ တိုင်း၊ တပ်မ များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လှူဒါန်းငွေကျပ် ၂၉၉၇ သိန်းကို အသီးသီးပေးအပ်လှူဒါန်းရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူ သည်။

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ် ၁၂၂ သိန်းအပါအဝင် အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းကြသည်။

**လှူဒါန်းငွေကျပ် ၉၉၀၈ သိန်းကျော်**

ယနေ့ကျင်းပသည့် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် စေတနာရှင် အလှူရှင်များ၏ အလှူငွေများပေးအပ် လှူဒါန်းမှု စုစုပေါင်း ငွေကျပ် ၉၉၀၈ သိန်းကျော်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ပျက်ကျသွားသည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်နှင့် ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းများအား ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ ကောင်းမွန်စွာသင်္ဂြိုဟ်

**နေပြည်တော် ဇွန် ၁၀**

ပျက်ကျခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရုပ်အလောင်း ၃၃ လောင်း အား ဆယ်ယူရရှိခဲ့ပြီး ရုပ်အလောင်း ၁၉ လောင်းအား ရုပ်အမည်အတည်ပြု နိုင်ခဲ့သည်။

ယနေ့အထိ ဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းများအနက် အမျိုးအမည် ခွဲခြားနိုင်ပြီး သက်ဆိုင်ရာ မိသားစုများ ရောက်ရှိလာသည့် ရုပ်အလောင်း ၁၉ လောင်းအား ကျန်ရစ်သူ မိသားစုဝင်များ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ နှင့် ဒေသခံပြည်သူများက ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည်။

ယနေ့ ဇွန် ၁၀ ရက် နံနက်ပိုင်း၌ ပင်လယ်ပြင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နေရာတစ်ဝိုက် တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း တွင်ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်း၏ အရှိန်ကြောင့် ရာသီဥတု ပိုမိုဆိုးရွားနေပြီး လှိုင်းအမြင့် ကိုးပေခန့် နှင့် လေတိုက်နှုန်း တစ်နာရီ ၁၅ မိုင်မှ မိုင် ၂၀ အတွင်းရှိနေ၍ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ရန် စောင့်ဆိုင်းနေခဲ့ရသည်။ ညနေ ၄ နာရီခန့်တွင် ရာသီဥတုအသင့် အတင့် ကောင်းမွန်လာသဖြင့် တပ်မတော် (လေ) မှ ရဟတ်ယာဉ်များ၊ တပ်မတော် (ရေ) မှ စစ်ရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများဖြင့် ရှာဖွေရေးလုပ် ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စစ်တွေမြို့ရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

**စစ်တွေ ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဇွန် ၉ ရက် ညနေပိုင်းက စစ်တွေမြို့ အထက(၂) ကျောင်းခန်းမ၌ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းက အထက(ခွဲ) စက်ရုံစု၊ အလက (ခွဲ)ဆတ်ရိုးကျ(ခ)၊ အမက မူလွန်သာယာကုန်းနှင့် အထက သင်္ကေပြင်ကုန်းကျောင်း များသို့ သွားရောက်ပြီး မိုရာမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကျောင်းဆောင်များ ပြုပြင်ဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ပြီး ဆရာ ဆရာမများ အားတွေ့ဆုံ၍ တင်ပြချက်များအပေါ် တာဝန် ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအား သင်ကြားမှုဆောင်ရွက်ရာတွင် ဒေသအလိုက် လိုအပ်ချက်နှင့် ကိုက်ညီပြီး အကျိုးရှိမည့် ဘာသာရပ်များကိုဆောင်ရွက်နိုင်ရေး၊ တက္ကသိုလ်များ၌ သုတေသနလုပ်ငန်းများကို ပိုမိုကျယ်ပြန့်လာအောင်ဆောင်ရွက်ရေး၊ မိသားစုစိတ်ဓာတ် ဖြင့် ဒေသအကျိုးပြု ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဟိုပုံးမြို့၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့ရှိ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အစည်းအဝေး ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စု ဝန်ကြီးက ပြည်သူအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် လူမှုကာကွယ် စောင့်ရှောက်ရေး နည်းလမ်းများကို ချမှတ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းခွင်နှင့် အံဝင် ခွင်ကျဖြစ်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများရှိပါက တင်ပြဆွေးနွေးနိုင်ပြီး မိမိတို့အနေဖြင့် ပူးပေါင်းကူညီ ဖြေရှင်း ပေးရန်အသင့်ရှိပါကြောင်း ပြောကြားသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဒေသခံ များက ဒေသ၏လိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ များက ပြန်လည် ဆွေးနွေးဖြေရှင်းပေးပြီး ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်ရှိ စာသင်ကျောင်းများ၏ လိုအပ်ချက်ဖြစ်သည့် စာသင်ခုံ ၅၇၅ ခုံအတွက် ထောက်ပံ့ ငွေကျပ် ၁၁၅၀၀၀၀၀ ကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တွေ့ဆုံပြီး ဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ထို့နောက် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်နှင့် တွေ့ဆုံစဉ် ကျောင်းနေအရွယ် ကလေးငယ်များနှင့် တိုက်ပွဲရှောင် ပြည်သူများ၏ လတ်တလော လိုအပ်ချက်အခြေ အနေ များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လူသားအရင်းအမြစ် ပရဟိတဂေဟာမှ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေနှင့် တိုက်ပွဲရှောင် ပြည်သူများအတွက် လတ်တလောရိက္ခာဖိုးငွေကျပ် ၇၇ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးကဏ္ဍတစ်ခေတ်ဆန်းစေဖို့ ယခုနှစ်မှ စတင်၍ နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများ စတင်မည်

## (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံမေးမြန်းခြင်း)



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း

### တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ စီမံ/ဘဏ္ဍာ

**မြန်မာနိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ရာခိုင်နှုန်းကျော်ဖြင့် ဖွဲ့စည်းတည်ရှိသည့် စိုက်ပျိုးရေးနိုင်ငံတစ်ခု ဖြစ်ပါသည်။ စိုက်ပျိုးရေးသည် နိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး မြန်မာတိုင်းရင်းသားလူမျိုးအများစုသည်လည်း စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။**

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို တောင်သူလယ်သမားများအား ပိုမိုအားပေးနိုင်မည့် ကဏ္ဍမျိုးစုံတိုးချဲ့လုပ်ဆောင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ခဲ့ပြီးဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့၏ လုပ်ဆောင်ပေးသွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ တစ်ဆင့် တောင်သူ လယ်သမားတွေအတွက် ဆောင်ရွက်ပေးနေမယ့် အစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံဟာလယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တယ်ဆိုတာ အားလုံးလည်းအသိပဲဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိတယ်လို့ ယူဆရမှာဖြစ်တယ်။ ဒီအပေါ်မှာ အခြေခံပြီးလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အတွက် စဉ်းစားတဲ့အခါ အဓိကကျတဲ့အချက်တစ်ခုတွေ့လာတယ်။ အဲဒါကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါတယ်။ အရင်တုန်းကတော့ လယ်/ဆည်ဝန်ကြီးဌာနလက်အောက်မှာရှိတယ်။ အခုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ကို ပြောင်းရွှေ့လိုက်တယ်။ ပြောင်းရွှေ့ရတဲ့အဓိကအကြောင်းရင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို အခြေခံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရင်ကနဲ့မတူတဲ့ နည်းလမ်းတွေအသုံးပြုပြီး ဆောင်ရွက်နိုင်အောင် ပြောင်းရွှေ့လိုက်ခြင်းပဲဖြစ်ပါတယ်။

အခုလောလောဆယ်ဘဏ်ကနေ မိုးစပါး၊ ဆောင်း သီးနှံ၊ မိုးကြိုသီးနှံ၊ မိုးကြိုစသည်ဖြင့် ငွေထုတ်ချေးနေပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ဘီလီယံ ၁၂၀၀ လောက် ငွေထုတ်ချေးခဲ့တယ်။ ဒီနှစ်မှာတော့ ဘီလီယံ ၁၉၈၀ ကျော် ငွေထုတ်ချေးမှာဖြစ်ပါတယ်။ ထုတ်ချေးတဲ့ နှုန်းတွေကတော့ စပါးကတစ်ဧကငွေကျပ်တစ်သိန်းခွဲ၊ ဒီနှစ်ဆောင်းသီးနှံမှာ အရင်တုန်းကတစ်ဧကကို ငွေကျပ်နှစ်သောင်းနှုန်းချေးနေရာကနေ ဒီနှစ်မှာတစ်ဧကကို ငွေကျပ်ငါးသောင်းနှုန်းနဲ့ ချေးပေးသွားမှာဖြစ်ပါတယ်။ ချေးငွေရဲ့ အတိုးနှုန်းထားကလည်း ရှစ်ရာခိုင်နှုန်းနဲ့ ချေးပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်တွေထုတ်ချေးလိုက်တာက သူတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဘယ်လောက်အကျိုးကျေးဇူးရသွားပါသလဲ။**

ဖြေ။ ။ တောင်သူလယ်သမားတွေကို ငွေထုတ်ချေးခဲ့တာဟာ လွတ်လပ်ရေးရပြီးကတည်းကဖြစ်ပါတယ်။ ဘဏ်အဖြစ် မရောက်ရှိခင်ကတည်းက တောင်သူလယ်သမားတွေအတွက်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေတွေ အမျိုးမျိုးထုတ်ချေးလာခဲ့ဖူးပါတယ်။ ဒါကိုပြန်သုံးသပ်ကြည့်တဲ့ အခါကျတော့ တောင်သူလယ်သမားတွေက တစ်နှစ်တစ်နှစ်ချေးငွေတွေရတယ်။ စိုက်ပျိုးကြတယ်။ ထုတ်လုပ်ကြတယ်။ ဒါတွေနဲ့ပဲ သံသရာလည်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်မှု မရခဲ့ဘူး။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရဖို့ဆိုရင် လယ်ယာမှာရှိတဲ့ သီးနှံတွေအပေါ်မှာ တောင်သူလယ်သမားတွေ အထောက်အပံ့ရစေဖို့အတွက် နိုင်ငံတော်က ချေးငွေတွေပေးတဲ့အပြင် စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းခြွေလှေ့ပြီး စိုက်ပျိုးရောင်းချတဲ့အချိန်အထိ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးမှာ တောင်သူလယ်သမားတွေအတွက် အခြားအခြားသော လိုအပ်ချက်တွေ အများကြီးရှိတာကို သူ့နေရာ သူ့အစိတ်အပိုင်းတိုင်းမှာ ဘယ်လိုပါဝင်ပြီးတော့ ပံ့ပိုးကူညီပေး နိုင်မလဲဆိုတာ အဓိကကျတဲ့ အချက်တစ်ခု၊ မေးခွန်းတစ်ခုဖြစ်လာပါတယ်။

**မေး။ ။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေအကြောင်းကိုရော ဝန်ကြီးခုနက မေးခွန်းထုတ်စရာ ကိစ္စရပ်ကိုရော ဖြေရှင်းဖို့နည်းလမ်းရှိပါသလား။**

ဖြေ။ ။ ဒီမေးခွန်းကိုဖြေနိုင်ဖို့နဲ့ ဒီမေးခွန်းကို ဖြေပေးနိုင်မှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှာပါ။ ဒါကြောင့်မို့ ဒီသီးနှံ ချေးငွေတွေအပြင် လယ်ယာစိုက်ပျိုးထုတ်လုပ်တဲ့ မြေပြင်ညှိတဲ့အချိန်ကနေစပြီး စိုက်ခင်းတွေကိုပြုစုထိန်းသိမ်းတဲ့အပိုင်း၊ ရိတ်သိမ်းတဲ့အပိုင်း၊ သိမ်းဆည်းခြွေလှေ့တဲ့အပိုင်းပြီးရင် ကြိတ်ခွဲရောင်းချတဲ့အပိုင်း စတဲ့လုပ်ငန်းစဉ်အသီးသီးမှာ လိုအပ်ချက်တွေအများကြီးပဲ။ ဥပမာ လယ်ယာသွင်းအားစုတွေနဲ့ ပတ်သက်ရင် ဓာတ်မြေသြဇာတွေလိုမယ်။ သင့်တော်လုံလောက်တဲ့ ပိုးသတ်ဆေးတွေလိုမယ်။ စက်ကိရိယာအချို့အချို့လိုမယ်။ ဒ့ါအပြင် လက်ရှိပကတိအနေအထားမှာဆိုရင် တောင်သူလယ်သမားတွေမှာ လုံလောက်တဲ့ ခိုင်းကျွဲ၊ ခိုင်းနွားတွေမရှိဘူး။ မြန်မာတစ်နိုင်ငံလုံးမှာဆိုရင် စိုက်ပျိုးမယ့်ဧကနဲ့ နှိုင်းယှဉ်ရင် ခိုင်းကျွဲ၊ ခိုင်းနွား အရေအတွက်က တော်တော်နည်းနေတာကို တွေ့ရတယ်။

အဲဒီလိုပဲ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်လုပ်ကိုင်နိုင်တဲ့ လူငယ်လူရွယ်တွေ အတော်များများဟာလည်း လယ်ယာမြေတွေကို စွန့်ခွာပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ပြည်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်သူများလာတဲ့အတွက်ကြောင့် လယ်ယာကဏ္ဍမှာ လယ်ယာလုပ်သားလည်း ရှားပါးတယ်။ သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေဆိုလည်း ပြည်ပကနေ တင်သွင်းနေကြရတဲ့အခါကျတော့ စိုက်ပျိုးစရိတ်တွေဟာ အများကြီးမြင့်တက်လာခဲ့တယ်။



ဒီအခြေအနေမှာ ရာသီဥတုကလည်း အရင်လိုမကောင်းတော့ဘူး။ မိုးများတယ်၊ ရေကြီးရေလျှံတယ်၊ အချိန်ကိုက်မိုးမရွာတာတွေဖြစ်နေတယ်။ စပါးတွေပိုးဖျက်တာစတဲ့ ပြဿနာတွေကိုလည်း ရင်ဆိုင်နေရတယ်။ တောင်သူလယ်သမားတွေ စိုက်ပျိုးတဲ့ နည်းလမ်းတွေနဲ့ ပတ်သက်ရင်လည်း ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်မှုမရှိတဲ့အခါ မိရိုးဖလာစိုက်ပျိုးမှုနည်းလမ်းတွေကို ဆက်လက်ကျင့်သုံးတာကြောင့် အထွက်နှုန်းကလည်း ထင်သလောက် မထွက်တော့တာရှိပါတယ်။ မျိုးအတွက်လည်း လိုအပ်ပြီး အကောင်းမွန်ဆုံးဖြစ်တဲ့ မျိုးတွေကိုရဖို့ခက်ခဲတယ်။ ဒါတွေကြောင့် နိုင်ငံခြားတင်ပို့တဲ့ ဈေးကွက်တွေရှိတယ်ဆိုသော်ငြားလည်း နိုင်ငံခြားကလိုအပ်တဲ့ ဆန်စပါးမျိုး၊ သီးနှံမျိုးကို စိုက်ပျိုးပြီး ထုတ်လုပ်မှုမပေးနိုင်ဘူးဆိုရင် ဈေးကွက်ဘယ်လောက်ရှိရှိ မရောင်းနိုင်ပါဘူး။ အဲဒီလိုပဲ စိုက်ပျိုးထုတ်လုပ်တဲ့ ဆန်စပါးက ဝယ်သူတွေ အကြိုက်တွေ့နိုင်မယ့် အရည်အသွေးမရှိရင်လည်း မရောင်းနိုင်ဘူး။ အဲဒီလိုပဲ လယ်ယာကဏ္ဍမှာ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေပါ။

**မေး။ ။ ဒီလို အခက်အခဲတွေကို အစိုးရအနေနဲ့ ဘယ်လို ကူညီဖြေရှင်းပေးဖို့ ရည်ရွယ်ထားပါသလဲ။**

ဖြေ။ ။ ဒီလို အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ အစိုးရက တတ်နိုင်တဲ့ဘက်ကနေ တတ်နိုင်တဲ့ နည်းလမ်းပေါင်းစုံသုံးပြီး ဖြေရှင်းပေးမှသာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေကို ဆောင်ရွက်ပေးလိုတဲ့အတွက်ကြောင့် ပထမဆုံးအနေနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ကို ရွှေ့လိုက်ရခြင်းဖြစ်ပါတယ်။

ဒုတိယအချက်က လယ်ယာနဲ့ စိုက်ပျိုးရေးကဏ္ဍမှာရှိတဲ့ လုပ်ငန်းစဉ်ဆက်အကုန်လုံးမှာ နိုင်ငံတော်က ဘယ်လို ကူညီမလဲဆိုတဲ့အချက်ကို စဉ်းစားပြီး ဥပမာပြောရရင် ဓာတ်မြေသြဇာတွေကို နိုင်ငံခြားက သွင်းတယ်ဆိုတဲ့အခါမှာ ကုမ္ပဏီက ဖြန့်တဲ့ ဓာတ်မြေသြဇာတွေ ရှိပါတယ်။ တချို့ဆို တရားမဝင်တဲ့ ဓာတ်မြေသြဇာတွေ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေကတော့ သူတို့လောလောဆယ် ငွေမပေးရဘဲနဲ့ အချိန်းဆိုင်းနဲ့ ဝယ်လို့ရတယ်ဆိုရင် အချိန်းဆိုင်းနဲ့ဝယ်တဲ့ ဓာတ်မြေသြဇာကို ဝယ်သုံးလိုက်ကြတာ။ ဒါပေမယ့် အဲဒီဓာတ်မြေသြဇာတွေက အရည်အသွေးမရှိတဲ့အခါကျတော့ သူတို့ငွေကုန်ပြီး အကျိုးရလဒ်နည်းတာကို တွေ့နေရပါတယ်။ ထိုနည်းတူပဲ ပိုးတွေကျတဲ့အခါ ပိုးသတ်ဆေး၊ ထိုနည်းတူပဲ မြေပြင်ဖို့အတွက် စက်ကိရိယာမရှိကြဘူး။ မရှိတဲ့အတွက် တောင်သူလယ်သမားတွေက ကုန်ကျစရိတ်နဲ့ လျော်ညီတဲ့ အကျိုးရလဒ်တွေကို ဘယ်တော့မှ မရကြတော့ဘူး။

ဒါကြောင့်မို့ တောင်သူလယ်သမားတွေကို သီးနှံစိုက်ပျိုးစရိတ်ချေးငွေတွေအပြင် သူတို့ရဲ့ သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ရိတ်သိမ်းခါနီးခြွေလှေ့တဲ့ စက်ကိရိယာတွေကို နိုင်ငံတော်က ကာလတိုချေးငွေတွေနဲ့ ချေးဖို့စီမံနေပါတယ်။ စီမံတဲ့နေရာမှာ နိုင်ငံတော်ကလည်း ဘဏ္ဍာငွေအနေအထားအရ ပံ့ပိုးပေးချင်တဲ့ စေတနာတွေရှိသော်ငြားလည်း အကန့်အသတ်တွေကြောင့် ရံဖန်ရံခါမှာ အခြေအနေ နှောင့်နှေးတာတွေ ရှိပါတယ်။

**မေး။ ။ ဒီလို အခြေအနေမျိုးမှာ အစိုးရအနေနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ လုပ်ဆောင်သွားဖို့ ပုဂ္ဂလိကကိုရော တိုက်တွန်းသွားမယ်လို့ သိရပါတယ်။ အဲဒီအကြောင်းကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ အမှန်ပါပဲ။ ဒီလိုနှောင့်နှေးမှုကိုလည်း နိုင်ငံတော်အစိုးရကပဲ ဒိုင်ခံပြီးတော့ ဆောင်ရွက်မယ့်အစား ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို လယ်ယာကဏ္ဍထဲမှာပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ခွင့်ပေးလိုက်မယ်ဆိုရင် တောင်သူလယ်သမားတွေကို ပိုပြီးထိရောက်စွာကူညီနိုင်မယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုတိုးပြီးလုပ်လာဖို့ လိုအပ်လာပါတယ်။ နောက်ပိုင်းမှာ သွင်းအားစုတွေ အပိုင်း၊ ရိတ်သိမ်းခြွေလှေ့တဲ့အပိုင်း၊ ကြိတ်ခွဲရောင်းချတဲ့အပိုင်း၊ နောက်ဆုံးမှာ နိုင်ငံခြားကို တင်ပို့ပြီးတော့ ဈေးကွက်ဖော်ထုတ်တဲ့အပိုင်းစတဲ့ ကဏ္ဍအားလုံးမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေလို တောင်သူလယ်သမားတွေနဲ့အတူ ပါဝင်လုပ်ကိုင်ခွင့်ရအောင် ဆောင်ရွက်ပေးဖို့ စဉ်းစားထားပါတယ်။

**မေး။ ။ စိုက်ပျိုးမြေရှားပါးမှုနဲ့ စိုက်ပျိုးမြေတွေကို အကြောင်းအမျိုးမျိုးနဲ့ ဝယ်ယူခြင်း၊ ရောင်းချခြင်းတွေ ပြုလုပ်နေတဲ့အပေါ်မှာရော ဝန်ကြီးရဲ့အမြင်ကိုသိပါရစေ။**

ဖြေ။ ။ တောင်သူလယ်သမားတွေရဲ့ လက်ထဲမှာရှိတဲ့ ပုံစံ (၇) နဲ့ ပိုင်ဆိုင်ထားတဲ့ လယ်ကွက်တွေကို လုပ်ငန်းရှင်တွေအနေနဲ့ကလည်း အခြားနည်းလမ်းနဲ့ စီမံခန့်ခွဲအသုံးချဖို့အတွက် ဝယ်ယူနေကြတဲ့အခါကျတော့ လယ်ယာတွေရဲ့ ဈေးတန်ဖိုးတွေက ကောင်းလာတယ်။ ကောင်းလာတဲ့အတွက် တောင်သူလယ်သမားတွေက လက်ရှိအနေအထားထက်စာရင် ဒီလယ်မြေကိုရောင်းချလိုက်ခြင်းအားဖြင့် သူတို့မျှော်မှန်းတဲ့ ငွေပမာဏတစ်ရပ်ကို ရရှိလာနိုင်တယ်ဆိုတဲ့ အတွေးနဲ့ ရောင်းချနေကြတာကိုလည်း တွေ့ရပါတယ်။ တကယ်တော့ ဒီမြေကြီးဟာ နောက်ကြာလေကြာလေ တန်ဖိုးမြင့်တက်လာမယ့် မြေဆိုတာကို သတိမပြုမိကြတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့ တောင်သူလယ်သမားတွေကို ပေးချင်တဲ့ အတွေးအခေါ်နဲ့ အသိတရားတစ်ခုက မြေကိုမရောင်းဘဲ မြေကို ရင်းကြပါလို့ ပြောကြားချင်ပါတယ်။

မြေကိုရင်းမယ်ဆိုရင် လယ်ယာကဏ္ဍထဲမှာ ပါဝင်ပြီး ဆောင်ရွက်လာမယ့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်မယ့် ကုမ္ပဏီတွေနဲ့ တောင်သူလယ်သမားတွေက သူတို့ပိုင်တဲ့မြေကို လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ရှယ်ယာအဖြစ်နဲ့ ထည့်ဝင်ဆောင်ရွက်မယ်ဆိုရင် တောင်သူလယ်သမားတွေ အနေနဲ့ မိမိတစ်ယောက်တည်းက ပင်ပန်းကြီးစွာ ရုန်းကန်နေရတဲ့ အခြေအနေကနေ အများကြီးသက်သာသွားမှာဖြစ်ပါတယ်။ ကုမ္ပဏီနဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားတွေဟာ ကုမ္ပဏီမှာ အစုရှယ်ယာပိုင်ဆိုင်တဲ့ တောင်သူလယ်သမားတွေ ဖြစ်လာမယ်။ နှစ်ချုပ်ချုပ်တဲ့ အခါကျရင်လည်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းထွက်လာတဲ့ အခါ ကုမ္ပဏီရဲ့အကျိုးအမြတ်အပေါ် သူတို့ရဲ့ အမြတ်ဝေစုတွေကို ခံစားလာရမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တောင်သူလယ်သမားတွေအနေနဲ့ သူတို့ရဲ့ပိုလျှံနေတဲ့အချိန်ကို ဒီကုမ္ပဏီရဲ့ လယ်ယာလုပ်သားတွေအဖြစ် ပြန်လည်အလုပ်လုပ်မယ်ဆိုရင် ပြင်ပဝင်ငွေလည်း ထပ်မံရရှိလာနိုင်ပါတယ်။

**မေး။ ။ လုပ်ငန်းရှင်နဲ့ စိုက်ပျိုးရေးတောင်သူတို့ အကျိုးတူပူးပေါင်းလုပ်ဆောင်တဲ့ လုပ်ငန်းမျိုးကို အားပေးတယ်ဆိုတဲ့အခါ ဘယ်လိုပံ့ပိုးမှုတွေရော လုပ်ပေးသွားဖို့ ရည်ရွယ်ထားပါသလဲ။**

ဖြေ။ ။ နောက်ပိုင်းကျရင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးမှာ လယ်ယာလုပ်သားတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ဆောင်ရွက်ဖို့အတွက် အစိုးရကလည်း ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ အဲဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးဖို့ နိုင်ငံတော်ကလည်း two step loan ချေးငွေတွေကိုလည်း ထုတ်ချေးပေးနိုင်ဖို့ စီစဉ်ထားတာရှိပါတယ်။

စိုက်ပျိုးထုတ်လုပ်ခြွေလှေ့ရိတ်သိမ်းတဲ့အပိုင်းတွေကအစ ငွေချေးထားဖို့အစီအစဉ်တွေ လုပ်သွားဖို့ရှိပါတယ်။ ဒီလိုလုပ်ပေးလိုက်မယ်ဆိုရင် အချိန်တို၊ ကာလတိုအတွင်းမှာ လယ်ယာကဏ္ဍဟာ ကျေနပ်လောက်တဲ့ အတိုင်းအတာတစ်ခုအထိ လျင်လျင်မြန်မြန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မြင်ပါတယ်။

အဲဒီတော့ စိုက်ပျိုးတဲ့အပိုင်းမှာ စဉ်းစားရမှာက မိမိစိုက်ချင်တဲ့ မျိုးပဲစိုက်မယ်ဆိုရင် မရဘူးပေါ့။ မျိုးကောင်းမျိုးသန့်ကိုရွေးချယ်တတ်ဖို့လိုအပ်တယ်။ မျိုးကောင်းမျိုးသန့်တွေ တောင်သူတွေဆီ ရောက်အောင်၊ လက်လှမ်းမီအောင်လုပ်ဖို့ လိုအပ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေရမှ ဒီမျိုးတွေနဲ့စနစ်တကျ စိုက်ပျိုးထုတ်လုပ်မယ်။ ကုမ္ပဏီတွေကလည်း ပူးပေါင်းပြီး စိုက်ပျိုးထုတ်လုပ်မယ်။ အဲဒီအချိန်ကျတော့ ရိတ်သိမ်းထုတ်လုပ်တဲ့ အခါ တကယ်ကို အရည်အသွေးပြည့်မီတဲ့ ဆန်စပါးတွေနဲ့ သီးနှံတွေကိုရရှိမှာ ဖြစ်ပါတယ်။ ဒါမှလည်း ပြည်ပဈေးကွက်မှာ ယှဉ်ပြိုင်လို့ရမှာပါ။

*စာမျက်နှာ ၉ သို့*

# မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်

မန္တလေး ဇွန် ၁၀

**မန္တလေးမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၇ နာရီက မန္တလေးအောင်မြေသာစံမြို့နယ်ရှိ အဆိုပါ ကုသိုလ်တော်ဘုရား၌ကျင်းပရာ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။**



အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးတပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကုသိုလ်တော် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်း(သစ္စာစေတနာ)နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မန္တလေးမြို့ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တကေသဝထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကုသိုလ်တော်ဘုရားအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ရာတွင် မပြည့်စုံမှု မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း၊ တောင်းပန်လွှာစာတမ်းကို မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လှိုင်က ဖတ်ကြားတောင်းပန်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများသည် ကုသိုလ်တော် ဘုရားအား တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဘုရားရင်ပြင်တော်တွင် လှည့်လည်ပူဇော်ပြီး **(အပေါ်ပုံ)** ကုသိုလ်တော်ဘုရားစေတီတော်အထွတ်သို့ အေးမြမေတ္တာထီးတော်တင်အဖွဲ့၏ ရထားပျံဖြင့် အစီအစဉ်အတိုင်း ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့နောက် စေတီတော်အထွတ်တွင် သာသနာ့အောင်လံကို လွှင့်ထူပူဇော်၍ ပရိတ်နံ့သာရည်များ ရေစင်၊ ရေသန့်များဖြင့် ပက်ဖျန်းသန့်စင် သွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

*စာမျက်နှာ ၈ မှအဆက်*

ပြည်ပဈေးကွက်လို့ဆိုလာရင်လည်း ဘယ်နိုင်ငံတွေက ဘယ်စပါးတွေက ဘယ်ဈေးကွက်မှာ နေရာရသလဲ။ ဘယ်လိုစပါးမျိုး စိုက်ပျိုးထုတ်လုပ်တင်ပို့ရင် အဆင်ပြေမလဲဆိုတာ ဈေးကွက် Research လုပ်ဖို့တွေလည်း လိုအပ်ပါတယ်။ အဲဒီလို လုပ်ငန်းစဉ်မျိုးကျတော့ တောင်သူလယ်သမားတွေ လုပ်ဖို့အခက်အခဲရှိပြီး လုပ်ငန်းရှင်တွေ လုပ်နိုင်ပါလိမ့်မယ်။ လုပ်ငန်းရှင်တွေက ဘယ်နိုင်ငံမှာရှိတဲ့ ဘယ်ဈေးကွက်ကို ဘယ်လိုစပါးမျိုးစိုက်ပြီး တင်ပို့မလဲဆိုတာကို စပြီးစိုက်တဲ့အချိန်မတိုင်မီကတည်းက စဉ်းစားသုံးသပ်ပြီး ဆုံးဖြတ်နိုင်မှာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေအများကြီးရထားလို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျတဲ့ အောင်မြင်မှု၊ ပြောင်းလဲမှုတစ်ရပ်ဖြစ်လာစေမှာပါ။

**မေး။ ။ လယ်ယာကဏ္ဍမှာအသုံးပြုတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားတွေရှားပါးမှုကိုရော အဖြေရှာဖို့ ရှိပါသလား။ ဒါ့အပြင် လယ်ယာကဏ္ဍနဲ့ဆက်စပ်တဲ့ မွေးမြူရေးကဏ္ဍကိုရော ဘယ်လိုဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ လယ်ယာကဏ္ဍမှာ အရင်က အထူးကုန်စည်အဖြစ် ခိုင်းကျွဲ၊ ခိုင်းနွားတွေကို သတ်မှတ်ထားပါတယ်။ အခုအချိန်မှာ ခိုင်းကျွဲ၊ ခိုင်းနွားတွေဟာ အိမ်နီးချင်းနိုင်ငံတွေဆီကို တရားမဝင်နည်းလမ်းနဲ့ ခိုးထွက်နေကြတယ်။ တင်ပို့နေကြတယ်။ ပိတ်ဆို့တားဆီးတယ်ဆိုတာလည်း အင်မတန်ကျယ်ပြန့်တဲ့ နယ်စပ်တစ်လျှောက်မှာ မလွယ်ကူတာကြောင့် ဒီလိုပဲ စီးဆင်းထွက်နေတာကို တွေ့နေရပါတယ်။

ဒီလိုဖြစ်စဉ်ဟာ ကြာမြင့်လာတဲ့အခါ လယ်ယာကဏ္ဍကိုပါထိခိုက်လာပြီး ခိုင်းကျွဲ၊ ခိုင်းနွားတွေ ရှားပါးလာနေပါတယ်။ ရှားပါးလာခြင်းကို ကာကွယ်ဖို့ ပြန်လည် ပေါများလာအောင် နိုင်ငံတော်ကနေ မွေးမြူရေးကဏ္ဍကိုလည်း မြေတောင်မြှောက်ပေးပါမယ်။ မြေနေရာတွေ စီစဉ်ပေးမယ်။ သူတို့လိုအပ်တဲ့ ငွေကြေးအရင်းအနှီးတွေကို ထုတ်ချေးပေးသွားမယ်။ အဲဒီလိုချေးပေးတဲ့နေရာမှာ SMEs ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကနေလည်း ထုတ်ချေးပေးဖို့ စီစဉ်မယ်။ သို့နည်းမဟုတ် စိုက်ပျိုးရေးဘဏ်ကပဲ ထုတ်ချေးဖို့ စီစဉ်ပြီးတော့ မွေးမြူရေးခြံတွေ တိုးပွားလာအောင်လုပ်ပေးမယ်။ ဒါကြောင့် ခိုင်းကျွဲ၊ ခိုင်းနွားတွေ၊ နို့စားနွားတွေ၊ အသားစားနွားတွေကို မွေးမြူနိုင်အောင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စီစဉ်ပေးသွားဖို့ ရှိပါတယ်။

စီစဉ်ပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းမှာပဲ ခိုင်းကျွဲ၊ ခိုင်းနွားတွေကို အသုံးချနိုင်လာမှာ ဖြစ်ပါတယ်။ ထိုနည်းတူ အသားစားနွားတွေ မွေးမြူခြင်းအားဖြင့် ပြည်ပကို တင်ပို့ခြင်း၊ ပြည်တွင်းစားသုံးခြင်းကိုလည်း အများကြီးအထောက်အကူဖြစ်မှာပါ။ လွတ်လွတ်လပ်လပ် မွေးမြူခွင့်ပေးမှာဖြစ်တဲ့အတွက် အသားဈေးတွေကိုလည်း ကန့်သတ်လျှော့ချပေးလိုက်သလိုဖြစ်လာမှာပါ။ နောက်ပိုင်းမှာ လွတ်လွတ်လပ်လပ်ရောင်းဝယ်ခွင့်ကိုပါ စီစဉ်ပေးမယ်ဆိုရင် ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်တဲ့အတွက် စားသုံးသူပြည်သူတွေလည်း အကျိုးအမြတ်တွေရလာမှာ ဖြစ်ပါတယ်။

**ဘက်စုံထောင့်စုံကနေ လုပ်ကိုင်ပေးမယ်ဆိုရင်တော့ လယ်ယာကဏ္ဍဟာ မလွဲမသွေတိုးတက်လာမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့အတွက် တောင်သူလယ်သမားတွေကို စိုက်ပျိုးရေးနည်းပညာပေးတာ၊ စိုက်ခင်းတွေကို သိပ္ပံနည်းကျ ထိန်းသိမ်းစောင့်ရှောက်တာတွေ စတဲ့နည်းလမ်းတွေနဲ့ ပြဿနာပေါင်းစုံ ကြုံတွေ့နေရတဲ့ မနိုင်ဝန်ထမ်းနေရတဲ့ တောင်သူလယ်သမားတွေကို အစိုးရကရော သက်ဆိုင်ရာဝန်ကြီးဌာနတွေကပါ ပူးပေါင်းပြီး ဒီနှစ်ကနေစလို့ အားနဲ့ခွန်နဲ့ ဝင်ပြီးဆောင်ရွက်ပေးကြမှာဖြစ်**

ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့အပိုင်းမှာ မွေးမြူရေးအဖြစ် ခိုင်းကျွဲ၊ ခိုင်းနွားတင်သာမက အသားစား နွား၊ နို့စားနွား၊ ဆိတ်၊ ဝက်၊ ငါးမွေးမြူရေး စသည်ဖြင့် အသားထုတ်လုပ်မှုအတွက် ကူညီထောက်ပံ့ပေးနိုင်တဲ့ လုပ်ငန်းမျိုးတွေကိုလည်း တစ်ဆက်တစ်စပ်တည်း လုပ်ကိုင်ခွင့်ပေးမှာ ဖြစ်ပါတယ်။ ဒါတွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လုပ်နိုင်တဲ့အနေအထားရှိတဲ့အတိုင်း လုပ်မယ်။ မလုပ်နိုင်တဲ့ကိစ္စတွေကို ပုဂ္ဂလိကဘဏ်တွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။ ။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားတွေအတွက် ရှေ့ဆက်သွားမယ့် ချေးငွေထုတ်ပေးမှုပုံစံတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ အခုလက်ရှိမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားတွေဆီကို အိမ်တိုင်ရာရောက် သွားရောက်ငွေချေး မပေးနိုင်ဘူး။ မြို့နယ်တွေအလိုက်ပဲ ငွေချေးပေးနိုင်တဲ့အတွက် တောင်သူလယ်သမားတွေက စုဝေးပြီး ချေးငွေလာထုတ်ကြရတဲ့အခါ သွားလာမှုအခက်အခဲ၊ နေရာအခက်အခဲတွေကြုံကြရပါတယ်။ အခု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ကို ရောက်လာတဲ့အချိန်က တိုတောင်းနေသေးတာမို့ လက်ရှိမှာတော့ တောင်သူလယ်သမားတွေရဲ့လက်ဝယ်အရောက် ချေးငွေတွေကို အခုမိုးစပါးချေးငွေပေးအပ်ချိန်မှာ လုပ်ဆောင်နိုင်ခြင်းမရှိသေးပါဘူး။ သို့သော် ဆောင်းစပါးစရိတ်ချေးငွေပေးတဲ့ အချိန်မှာ တောင်သူလယ်သမားတွေ လက်ဝယ်အရောက်၊ အိမ်တိုင်ရာရောက်ပေးနိုင်အောင် ပုဂ္ဂလိကဘဏ်တွေနဲ့ ပူးပေါင်းပြီး ငွေချေးတဲ့အစီအစဉ်ကို စတင်ပြင်ဆင်နေပါပြီ။ လာမယ့်ဆောင်းရာသီဆိုရင် တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကို သက်သောင့်သက်သာနဲ့ လက်ဝယ်အရောက် ပေးပို့နိုင်တော့မှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် လယ်ယာကဏ္ဍကို အခြေခံတဲ့ စီးပွားရေးနိုင်ငံဖြစ်တဲ့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အစဉ်တစိုက် အားပေးနေရမှာဖြစ်ပါတယ်။ အဲဒီနေရာမှာ တောင်သူလယ်သမားတွေက အဓိကကျတဲ့ ပုဂ္ဂိုလ်တွေဖြစ်တာကြောင့် သူတို့ကိုအားပေးရမှာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့နေရေး၊ စားရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘဝအာမခံချက် ဒါတွေအားလုံးကို အားပေးကူညီရမှာဖြစ်ပြီး သူတို့ရဲ့ဘဝကို နားလည်ပေးရမှာ ဖြစ်ပါတယ်။

အဲဒီလို နားလည်ဆောင်ရွက်ပေးနိုင်မှသာလျှင် လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးလို့ရမှာ ဖြစ်ပါတယ်။ ဘယ်နေရာ၊ ဘယ်လိုအချက်တွေဟာသူတို့အတွက် အခက်အခဲဖြစ်စေသလဲဆိုတာတွေကို လေ့လာပြီး သူတို့မျှော်လင့်ချက်နဲ့ ဆန္ဒတွေကိုမသိဘဲ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့မရပါဘူး။ သူတို့နဲ့တစ်ထပ်တည်းရှိမှသာ စီမံခန့်ခွဲပေးနိုင်မှာဖြစ်ပြီး အဲဒီလိုလုပ်ပေးနိုင်မှသာ လယ်ယာကဏ္ဍက ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ လက်ရှိစိုက်ပျိုးထုတ်လုပ်တဲ့ ကိစ္စရပ်တွေမှာရော အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲပေးဖို့ရှိပါသလား။**

ဖြေ။ ။ တစ်ဦးချင်း၊တစ်ယောက်ချင်း စိုက်ပျိုးထုတ်လုပ်တဲ့နေရာကနေ စုပေါင်းစိုက်ပျိုးတဲ့ နည်းလမ်းနဲ့ဖြစ်စေ Contract Farming လို့ခေါ်တဲ့ သူတို့ရဲ့လိုအပ်တဲ့ ကိရိယာတွေဖြစ်တဲ့ ငွေ၊ စက်ကိရိယာနဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးမျိုးတွေအားလုံးကို ပံ့ပိုးထုတ်ပေးတာမျိုးတွေ ဒါမှမဟုတ် စိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာမျိုးတွေ ဆောင်ရွက်ကြမယ်။ သို့သော် အဲဒီလို အဖွဲ့ငယ်လေးတွေနဲ့ ဆောင်ရွက်တာက စီးပွားရေးအရ တွက်ခြေမကိုက်နိုင်ဘူး။ ဒါကြောင့် နောက်ပိုင်းမှာ Landscape Farming လို့ခေါ်တဲ့ ဧကတစ်ထောင်၊ နှစ်ထောင်စသည်ဖြင့် စိုက်ကွင်းအကျယ်ကြီး တွေနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့စနစ်ကို ကူးပြောင်းမယ်ဆိုရင် ကုန်ကျစရိတ်တွေသက်သာမယ်။ အချိန်တိုအတွင်း လုပ်ဆောင်လို့ရတယ်။ အခြားအခြားသော လေလွင့်ဆုံးရှုံးမှုတွေကိုလည်း ထိန်းသိမ်းလို့ရမယ်။ စီမံခန့်ခွဲမှုတွေလည်း သွက်သွက် လက်လက်လုပ်နိုင်မယ်။ အဲဒါတွေကို နောက်ပိုင်းမှာ စတင်မယ်။ နောက်ပိုင်းဆိုရာမှာ ဒီနှစ်ကနေစပြီးတော့ အခြေတည်ပြီး လုပ်သွားဖို့ ရှိပါတယ်။

နောက်တစ်ခုက ဒီနှစ်မှာ ကန့်သတ်ထားတာက တောင်သူလယ်သမားတွေအတွက် ၁၀ ဧကအထိပဲ စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးပေးတာဖြစ်ပါတယ်။ အချို့တောင်သူလယ်သမားတွေက ၁၀ ဧကထက်ပိုပြီး ပိုင်ဆိုင်ကြတာရှိပါတယ်။ ဒါကြောင့် သူတို့အတွက် သီးသန့်စဉ်းစားထားတာရှိပါတယ်။ ဧက ၃၀ ကနေ ၆၀ ကျော်အထိ ဧကတော်တော်များများ ကျယ်ဝန်းပြီး စိုက်ပျိုးရန်ရှိတဲ့ တောင်သူလယ်သမားတွေကိုတော့ သီးသန့်ပံ့ပိုးမှုတွေ လုပ်ပေး မှာဖြစ်ပါတယ်။ ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး စီးပွားရေးအရ တွက်မယ်ဆိုရင် Economic of Skill ဆိုတာ ရှိပါတယ်။ ဒါကြောင့် လုပ်ကွက်အတန်အသင့်နဲ့ ကြီးကြီးမားမားရှိတဲ့ တောင်သူလယ်သမားတွေကို ပံ့ပိုးပေးလိုက်ရင် နောက်ပိုင်းမှာ ပိုပြီးအားကောင်းတဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအဖြစ် အရှိန်ရလာမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လယ်ယာလုပ်ငန်းခွင်ကို ကြည့်တဲ့အခါ လယ်ယာလုပ်ငန်းခွင်မှာ လမ်းတွေမရှိဘူး။ ကွင်းတစ်ကွင်း၊ လယ်တစ်ဧကနေတစ်ဧက အချင်းချင်းချိတ်ဆက်ပြီး ပိတ်ဆို့နေတဲ့အခါကျတော့ လုပ်ငန်းခွင်ကို သွားရေးလာရေးက အလွန်ခက်ခဲတယ်။ လယ်ယာလုပ်ငန်းခွင်မှာ မိမိတို့ထုတ်လုပ်တဲ့ပစ္စည်းတွေကို လွယ်လင့်တကူနဲ့ ရောင်းချရမယ့်နေရာ၊ သိုလှောင်ရမယ့်နေရာကိုရောက်ဖို့ ကုန်ထုတ်လမ်းတွေအားလုံး၊ ကျေးရွာလမ်းတွေအားလုံးကို နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ ပိုပြီးတိုးချဲ့ပြုပြင်ပေးသွားဖို့ ရှိပါတယ်။

ကြိတ်ခွဲတဲ့အပိုင်းမှာလည်း တောင်သူလယ်သမားတွေက မိမိဝမ်းစာမှအပ ရောင်းဝယ်ဖို့အတွက်နဲ့ ဈေးကွက်ကို တင်ပို့ဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဆန်စက်အချို့က ပြုပြင်ပြောင်းလဲပြီး အဆင့်မြှင့်တင်ထားတာတွေ့ရပေမယ့် အချို့ကတော့ အရင်ပမာဏထက် နည်းနည်းလေးပဲသာတဲ့ အဆင့်မှာရှိတော့ ပြည်ပဈေးကွက်မီအောင် ကြိတ်ခွဲရေးအပိုင်းမှာ နည်းပညာအဆင့်မြှင့်ဖို့ လိုအပ်နေပါသေးတယ်။ ဒီအပိုင်းမှာလည်း နိုင်ငံတော်ကနေ ချေးငွေတွေ ထုတ်ချေးပြီး ပြုပြင်ပြောင်းလဲဖို့အတွက် အားပေးသွားမှာ ဖြစ်ပါတယ်။

အဲဒီလို ဘက်စုံထောင့်စုံကနေ လုပ်ကိုင်ပေးမယ်ဆိုရင်တော့ လယ်ယာကဏ္ဍဟာ မလွဲမသွေတိုးတက်လာမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့အတွက် တောင်သူလယ်သမားတွေကို စိုက်ပျိုးရေးနည်းပညာပေးတာ၊ စိုက်ခင်းတွေကို သိပ္ပံနည်းကျ ထိန်းသိမ်းစောင့်ရှောက်တာတွေ စတဲ့နည်းလမ်းတွေနဲ့ ပြဿနာပေါင်းစုံ ကြုံတွေ့နေရတဲ့ မနိုင်ဝန်ထမ်းနေရတဲ့ တောင်သူလယ်သမားတွေကို အစိုးရကရော သက်ဆိုင်ရာဝန်ကြီးဌာနတွေကပါ ပူးပေါင်းပြီး ဒီနှစ်ကနေစလို့ အားနဲ့ခွန်နဲ့ ဝင်ပြီးဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။

တောင်သူလယ်သမားတွေအနေနဲ့လည်း စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ပူးပေါင်းပြီး ကြိုးစားကြလို့ လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းကြဖို့ နိုင်ငံတော်နဲ့ လက်တွဲဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။ တစ်ဖက်မှာလည်း မိမိတို့ ပိုင်ဆိုင်ထားကြတဲ့ အင်မတန်တန်ဖိုးကြီးတဲ့ လယ်ယာမြေတွေကို ရောင်းချဖို့ထက် အရင်းအနှီးအဖြစ်အသုံးချပြီး ကာလရှည်အတွက် အကျိုးရှိအောင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ။

# အကြမ်းဖက်သမားများ သိမ်းပိုက်ထားသော ဖိလစ်ပိုင်တောင်ပိုင်းမြို့ကို ပြန်လည်ရရှိရန် အမေရိကန်ပါဝင်လာ

**မနီလာ ဇွန် ၁၀**

ဖိလစ်ပိုင်တောင်ပိုင်းမြို့၌ ခြေကုပ်ယူထားသော အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် အမေရိကန်အထူးတပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ဇွန် ၁၀ ရက်တွင် အရာရှိများက ပြောခဲ့သည်။ ဖိလစ်ပိုင်တောင်ပိုင်းတွင် အိုင်အက်စ်အကြမ်းဖက်သမားများကို အစိုးရတပ်ဖွဲ့ဝင်များက နှိမ်နင်းမှုများလုပ်ဆောင်ရာတွင် အစိုးရဘက်မှ မရိန်းတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးခဲ့သောကြောင့် ထိုသို့ အမေရိကန်အထူးတပ်ဖွဲ့ဝင်များအနေဖြင့် အိုင်အက်စ်အကြမ်းဖက်နှိမ်နင်းမှုများတွင် ဝင်ရောက် ပါဝင်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်တောင်ပိုင်း မာရဝီမြို့ရှိ အိုင်အက်စ်အကြမ်းဖက်သစ္စာတော်ခံ အကြမ်းဖက်တိုက်ခိုက်ရေးသမားများကို အပြီးသတ်နှိမ်နင်းရန် အမေရိကန်ပြည်ထောင်စုက နည်းပညာဆိုင်ရာ ကူညီမှုများပေးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောကြားခဲ့သည်။ "သူတို့တွေက မတိုက်ခိုက်ပါဘူး၊ ဒါပေမယ့် နည်းပညာဆိုင်ရာ ကူညီမှုများကိုတော့ ပေးသွားမှာပါ" ဟု တပ်မတော်မှပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျိုအာဟာရီရာက မာရဝီမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

ဖိလစ်ပိုင်အစိုးရ၏ အကူအညီတောင်းခံမှုကြောင့် အကူအညီပေးမည်ဖြစ်ကြောင်း အမေရိကန်သံရုံးက အတည်ပြုခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခြင်းမရှိပေ။ အမေရိကန် ပီ-၃ အော်ရီယန်ကင်းထောက် လေယာဉ်သည် အဆိုပါမြို့ပေါ်၌ လွန်ခဲ့သော သောကြာနေ့က ပျံသန်းခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

ကာလကြာရှည် မဟာမိတ်ဖြစ်နေသော ဖိလစ်ပိုင်နှင့် အမေရိကန်တို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာ အရာထင်လာတော့မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သောနှစ်က ဖိလစ်ပိုင်သမ္မတဖြစ်လာသော ဒူတာတေးသည် အမေရိကန်နှင့်ပတ်သက်ပြီး သဘောထားတင်းမာခဲ့ကာ အမေရိကန်စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးသမားများနှင့် အကြံပေးများကို ၎င်း၏နိုင်ငံတွင် လက်မခံကြောင်း ပြောကြားခဲ့သည်။ မေ ၂၃ ရက်က မာရဝီမြို့အစိတ်အပိုင်း အတော်များများ သိမ်းပိုက်ခံလိုက်ရခြင်းသည် အရှေ့တောင် အာရှနိုင်ငံများအနေဖြင့် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွရန်ကို စိုးတထိတ်ထိတ်ကြောက်ရွံ့နေရပြီဖြစ်ကြောင်း သတိပေးလိုက်သလိုဖြစ်သည်။ **(ရိုက်တာ)**





ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ရွေးကောက်ပွဲပြီးနောက် လန်ဒန်မြို့ဒေါင်းနင်းလမ်းတွင် ဇွန် ၉ ရက်က မိန့်ခွန်းပြောနေစဉ်

# ဗြိတိန်ရွေးကောက်ပွဲများပြီးနောက် ဆက်လက်ရပ်တည်နိုင်ရေးကြိုးစားရဦးမည့် ထရီဆာမေ

**လန်ဒန် ဇွန် ၁၀**

ရွေးကောက်ပွဲတွင် ထင်သလောက်အောင်မြင်မှုမရခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေအနေဖြင့် ဝေဖန်မှုများခံရဦးမည်ဖြစ်သည်။ ထို့အတူ ဘရီးဇစ်တ်ဆွေးနွေးပွဲအတွက် အပြင်းအထန် ရုန်းကန်ရဦးမည်လည်း ဖြစ်သည်။

ဥရောပသမဂ္ဂမှထွက်ခွာရေး ဗြိတိန်လူမျိုးများ၏ဆန္ဒကို အခွင့်အရေးအဖြစ်အသုံးချရန်နှင့် အလုပ်သမားပါတီ၏အားနည်းချက်များကို နားလည်သဘောပေါက်သည့်အလျောက် ထရီဆာမေအနေဖြင့် ကံကိုသာပုံချရမည်ဖြစ်သည်။

ယမန်နေ့က ဗြိတိန်အထွေထွေရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီက အမတ်နေရာ ၃၁၈ နေရာရရှိခဲ့သလို အလုပ်သမားပါတီက ၂၆၂ နေရာအသီးသီးရရှိခဲ့သော်လည်း အစိုးရဖွဲ့နိုင်သည့် အမတ်အရေအတွက် ဖြစ်သော ၃၂၆ နေရာကို မည်သူမျှ အပြည့်အဝမရရှိခဲ့ပေ။ ထို့ကြောင့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ဒီမိုကရက်တစ် ပြည်ထောင်စုပါတီ၏ ပူးပေါင်းမှုဖြင့် ညွန့်ပေါင်းအစိုးရတစ်ရပ် စတင်ဖွဲ့စည်းရတော့မည်ဖြစ်သည်။

"ရွေးကောက်ပွဲရလဒ်များအရ ကျွန်မတို့ပါတီအနေနဲ့ ရှေ့လျှောက်ဘာဆက်လုပ်ဖို့လိုမလဲဆိုတာကို ကျွန်မအနေနဲ့ နားလည်ပါတယ်"ဟု ထရီဆာမေက သောကြာနေ့က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ပါတီအဖွဲ့ဝင်များအနေဖြင့် ထရီဆာမေအား ဖြုတ်ချချင်နေသော်လည်း နောက်ထပ် ခြောက်လထပ်မံစောင့်ဆိုင်းရဦးမည် ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ပါတီအတွင်း ခေါင်းဆောင်နေရာအပြောင်းအလဲများက အလုပ်သမားပါတီမှ ခေါင်းဆောင် ဂျရမီ ကွန်ဘီကို အာဏာရရှိရန် တွန်းအားပေးသကဲ့သို့ဖြစ်မည် စိုးသောကြောင့်ဖြစ်ကြောင်း ဗြိတိန်၏ရောင်းအား အကောင်းဆုံးသတင်းစာ ဆန်းတွင်ဖော်ပြထားသည်။

ထရီဆာမေသည် လတ်တလောတွင် အသင့်တော်ဆုံး ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ဘရီးဇစ်တ်အငယ်တန်းဝန်ကြီး ဒေးဗစ်ဂျုန်းက ပြောခဲ့သည်။ ယခုနှစ်ကုန်အထိ ထရီဆာမေသည် ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်လား မရပ်တည်နိုင်ဘူးလားဆိုသည်မှာ ခန့်မှန်းရခက်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ယောဂလေ့ကျင့်ရေးပန်းခြံပေါင်း ၁၀၀ ခန့် အိန္ဒိယတစ်ဝန်း တည်ထောင်မည်

**နယူးဒေလီ ဇွန် ၁၀**

ယောဂလုပ်ဆောင်မှုများ မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်းတွင် ယောဂလေ့ကျင့်ရေးပန်းခြံပေါင်း ၁၀၀ ခန့်ကို တည်ထောင်ပေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ဖော်ပြသည်။

အဆိုပါ ပန်းခြံများတွင် တစ်နှစ်ပတ်လုံး ယောဂလေ့ကျင့်မှုများသာ ဆောင်ရွက်ရမည်ဖြစ်ပြီး စေတနာရှင်များနှင့် ယောဂအသင်းများက ပန်းခြံသန့်ရှင်းရေးအတွက် စုပေါင်းထိန်းသိမ်းမည်ဖြစ်ကြောင်း ယောဂဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သူ ရှရီပတ်ဒ်နိုဒ်ခ်က ပြောခဲ့သည်။ ယောဂနည်းပြများငှားရမ်းကာ သာမန်ပြည်သူများအတွက် ယောဂလေ့ကျင့်မှုများ သင်ကြားပြသပေးရန်အတွက် အစိုးရတွင် ကောင်းမွန်သော အစီအစဉ်များရှိကြောင်း၊ လူပေါင်း ၅၀၀၀၀ ခန့် ပါဝင်သည့် ဇွန် ၂၁ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာယောဂနေ့ ကျင်းပရန်အတွက်လည်း အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# တရုတ်တွင် ဆောက်လက်စ လုပ်ငန်းခွင်တစ်ခု၌ မတော်တဆမှုဖြစ်ပွား၊ အလုပ်သမားလေးဦး သေဆုံး

**စီချွမ်း ဇွန် ၁၀**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်းပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် မတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ရာ အလုပ်သမားလေးဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီးနောက် အလုပ်သမားလေးဦးသည် ရေများပြည့်လျှံနေသော အခြေခံအုတ်မြစ်ချရာနေရာသို့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ဝန်းကျင်ခန့်က ပြုတ်ကျခဲ့ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မြို့တော် ပြည်သူ့ရေးရာဌာနက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ ဘုရားဖူးရဟတ်ယာဉ်ပျက်ကျကာ တစ်ဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၀**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတရာခန်ပြည်နယ်မှ ထွက်ခွာလာသော ဘုရားဖူးများတင်ဆောင်လာသည့် ရဟတ်ယာဉ်တစ်စင်းသည် အဆိုပါ ပြည်နယ်မှ ထွက်ထွက်ချင်းတွင် ပျက်ကျမှုဖြစ်ပွားခဲ့ကာ လေယာဉ်ဝန်ထမ်းတစ်ဦး သေဆုံးပြီး ရဟတ်ယာဉ်မှူးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက ဇွန် ၁၀ ရက်က ပြောခဲ့သည်။



ဩဂုစတာ ၁၁၉ ရဟတ်ယာဉ်သည် တောင်ထူထပ်သော ဥတရာခန်ပြည်နယ်၏ ဘာဒရီနက်သ်မြို့၌ ဇွန်လ နံနက်ပိုင်းက လေဆိပ်မှ ထွက်ခွာစဉ် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ အဆိုပါ လေယာဉ်မှာ ပုဂ္ဂလိကလေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်ပြီး လေဆိပ်မှ ထွက်ခွာစဉ် လေဖိအား မညီမျှမှုဖြစ်ကာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ရဟတ်ယာဉ်မှူးနှစ်ဦး ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့သော်လည်း အင်ဂျင်နီယာ ဗိခရန်လမ်ဘားမှာ ရဟတ်ယာဉ်ဒလက်များနှင့်တိုက်မိပြီး သေဆုံးခဲ့သည်။ ခရီးသည် ငါးဦးမှာ မည်သည့်ဒဏ်ရာမျှ မရရှိဘဲ ရဟတ်ယာဉ်ပျက်ကျမှုမှ လွတ်မြောက်ခဲ့ကြောင်း ပြည်နယ်ရဲချုပ် ထရစ်ပီဘတ်က မီဒီယာသို့ပြောကြားခဲ့သည်။

ရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို အတိအကျသိရှိရန် စုံစမ်းစစ်ဆေးမှုများ အလျင်အမြန်လုပ်ဆောင်ရန် မြို့ပြလေကြောင်း ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖိုရမ်တက်ရောက်ရန် နော်ဝေနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နော်ဝေနိုင်ငံ အော်စလိုမြို့အနီး Losby Manor တွင် ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 2017 Edition of the Oslo Forum သို့ တက်ရောက်ရန် ယနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော် လိုက်ပါသွားသည်။

**(သတင်းစဉ်)**



# မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Trade Training Istitute နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂတို့၏ ပံ့ပိုးကူညီမှုဖြင့် "မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၁၇ Inter-national Education Fair Myanmar 2017 " ဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ H.E.Mr. Roland Kobia (Ambassador of European Union in Myanmar)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute (TTI)၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ Metro Computer Myanmar Co.,Ltd မှ ဒါရိုက်တာ Takashi Kawasaki နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဒေါက်တာမြင့်ဦး (GP)က Scholarship Opportunities ခေါင်းစဉ်ဖြင့်ဆွေးနွေးဟောပြောမည်ဖြစ်ကာ ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို သက်ဆိုင်ရာပညာရေးကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ်ပညာရပ်အလိုက် ဆွေးနွေးဟောပြောမည်ဖြစ်ပြီး နေ့စဉ် မိုဘိုင်းဖုန်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ရာ ပြပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိအမြင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များသည် မိသားစု လူမှုပတ်ဝန်းကျင်နှင့် နိုင်ငံတော်၏အခြေအနေကောင်းများ ဖန်တီးပေးနိုင်မှုအပေါ် မူတည်

ရန်ကုန် ဇွန် ၁၀

**ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပသည်။ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ INGOs၊ NGOs၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

**လူကုန်ကူးသူများလက်တွင်းကျရောက်**

အခမ်းအနား၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ "ပဋိပက္ခများနှင့် ဘေးန္တရာယ်များအတွင်းမှ ကလေးငယ်များအား ကလေးအလုပ်သမားမဖြစ်စေရေး တားဆီးကာကွယ်ပေး" ဖြစ်၍ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များကြောင့် ကလေးအလုပ်သမားများအပေါ် ကျရောက်မည့် ထိခိုက်သက်ရောက်မှုများကို အထူးအလေးပေးထားသည်ကို တွေ့မြင်နိုင်ကြောင်း၊ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များသည် မိသားစုဘဝများကို ဖျက်ဆီးနိုင်စွမ်းရှိပြီး လူအများအပြား သေဆုံးစေခြင်း၊ ဒုက္ခိတဖြစ်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ဝတ်မွတ်ခေါင်းပါးမှု ဖြစ်စေပြီး ကလေးအလုပ်သမားဖြစ်စေခြင်း၊ လူကုန်ကူးသူများလက်တွင်းကျရောက်စေရန် တွန်းပို့ပေးသကဲ့သို့ ဖြစ်စေကြောင်း။

**စီမံကိန်းများရေးဆွဲ**

ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိအမြင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းဖြစ်စဉ်များသည် ၎င်းတို့၏ မိသားစု လူမှုပတ်ဝန်းကျင်နှင့် နိုင်ငံတော်၏အခြေအနေကောင်းများ ဖန်တီးပေးနိုင်မှုအပေါ် မူတည်နေကြောင်း၊ ကလေးအလုပ်သမားဖြစ်ရသည့် အဓိကအကြောင်းအရင်းများမှာ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုနှင့် အသိအမြင်နိမ့်ကျမှုတို့ကြောင့် ဖြစ်ကြောင်း၊ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးသည် မျက်မှောက်ကာလတွင် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ILO နှင့် ပူးပေါင်း၍ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက် National Action Plan ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ မူကြမ်းရေးဆွဲရေးကော်မတီဝင်များဖြင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ်ထိ လျာထားသတ်မှတ်၍ ငါးနှစ်ကာလတို စီမံကိန်းများ ချမှတ်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ကလေးအလုပ်သမားပပျောက်ရေး**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ILO မှ တာဝန်ရှိသူတို့က အမှာစကားပြောကြားခဲ့ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဝန်ကြီးဌာန၏ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးဆောင်ရွက်ချက်နှင့် ပတ်သက်၍ ထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့ပြီး တက်ရောက်လာကြသူများက အခမ်းအနားတွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(ပြန်/ဆက်)**

# မူခင်းကျဆင်းရေး ပညာပေးပြခန်းယာဉ်ဖြင့် ဟောပြော

**အမရပူရ ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ဇင်မင်းကို၊ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မန္တလေး)မှ ရဲအုပ်ထင်အောင်ရဲမြင့်၊ အမှတ်(၈၈)ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှ ဒုရဲအုပ် မြတ်လင်းသိန်းတို့ အဖွဲ့ပါဝင်သော မူခင်းကျဆင်းရေးပညာပေးပြခန်းယာဉ်ဖြင့် အမရပူရမြို့နယ်အတွင်း အသိပညာပေး ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇွန် ၇ ရက်က အမရပူရမြို့နယ် မန္တလာကောလိပ်ကျောင်းဝင်းတွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၅၁ ဦးအားလည်းကောင်း၊ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း အသင်းရုံးရှေ့တွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ကုန်တင်ကုန်ချ အလုပ်သမား စုစုပေါင်း ၂၀၀ တို့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးကျော်၊ ဒုရဲမှူး ၊ ရဲအုပ်အောင်မျိုးသန့်၊ ရဲအုပ် ထင်အောင်ရဲမြင့်၊ ဒုရဲအုပ် မြတ်လင်းသိန်းတို့က မူခင်းကျဆင်းရေး အသိပညာပေးခြင်း၊ ပညာပေးဗီဒီယို ဇာတ်လမ်းများပြသခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း တို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



# ငြိမ်းချမ်းရေးကော်မရှင်မှ စေလွှတ်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)တို့ ချင်းမိုင်မြို့တွင် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၀

**ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အလွတ်သဘောဆွေးနွေးကြကြောင်း သိရှိရသည်။**

ဆွေးနွေးပွဲအပြီးတွင် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်နှင့် ငြိမ်းချမ်းရေးကော်မရှင်မှ ဦးအောင်စိုးတို့သည် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့်ပတ်သက်၍ သတင်းမီဒီယာများအား ဖြေကြားပေးခဲ့ကြသည်။ **(ယာပုံ)**



ယနေ့ဆွေးနွေးပွဲနှင့် ပတ်သက်၍ ခူဦးရယ်က "တွေ့ဆုံရတဲ့ အဓိကအခြေခံအကြောင်းတရားကတော့ ညှိနှိုင်းဆွေးနွေးနေဆဲ အကြောင်းအရာကိစ္စရပ်တွေကို ဆက်လက်ပြီးတော့ အဖြေရှာဆွေးနွေးဖို့ဖြစ်တယ်။ နောက်တစ်ခါ တွေ့ဆုံညှိနှိုင်းဆွေးနွေးနေတဲ့ အချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လိုသဘောတူညီမှုတွေ ပြန်ယူကြမလဲ။ သဘောတူညီမှုရယူပြီးတော့ ကျွန်တော်တို့ NCA ကို တက်လှမ်းပြီး ကျွန်တော်တို့ ရှေ့ဆက်လုပ်ငန်းစဉ်တွေမှာ ဘယ်လိုအကောင်အထည်ဖော်သွားမလဲဆိုတဲ့ ကိစ္စတွေကို အကျေအလည်ဆွေးနွေးဖို့ ညှိနှိုင်းတာဖြစ်ပါတယ်။ နှစ်ဖက်ကတော့ ဒီလိုအဖြေလေးတွေ စနစ်တကျရှာနိုင်ဖို့အတွက် အကြမ်းဖျင်း လာမယ့်ဇူလိုင်လအစောပိုင်းမှာ ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN အဖွဲ့ နောက်တစ်ကြိမ် အသေးစိတ်ညှိနှိုင်းဆွေးနွေးဖို့အတွက် တွေ့ဆုံကြဖို့ ကျွန်တော်တို့ဆွေးနွေးဖြစ်ကြပါတယ်" ဟု ဖြေကြားသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးမှုတွင် ငြိမ်းချမ်းရေးကော်မရှင်မှ စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် UNFC အဖွဲ့ဝင်များ တက်ရောက်ခြင်းမပြုနိုင်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းဝေးမှ ထွက်ပေါ်လာသည့် ရလဒ်များကို ရှင်းလင်းခဲ့ပြီး တရားဝင်တွေ့ဆုံမည့် ဆွေးနွေးပွဲတွင် အဖြေရှာရန်လိုအပ်သည့် UNFC မှ တောင်းဆိုထားသော အချက်ကိုးချက်တို့ကို ဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းမွန်ကြောင်း သိရသည်။

ဦးအောင်စိုးက " DPN က တင်ပြတဲ့ အချက်ကိုးချက်ကို ကျွန်တော်တို့ ညှိနှိုင်းခဲ့တာ ငါးကြိမ်ရှိပါပြီ။ အဲဒီမှာလည်း သဘောထားကွဲလွဲမှုက အကြီးအကျယ်မရှိပါဘူး။ စကားလုံး အပြောင်းအလဲလေးတွေပဲ ရှိပါတယ်။ အခုဒီနေ့ ညှိနှိုင်းတဲ့ အပေါ်မှာတော့ လာမယ့် ဆဋ္ဌမအကြိမ် တရားဝင်တွေ့ဆုံတဲ့နေရာမှာ အဖြေကောင်းထွက်မယ်ဆိုတာကို ကျွန်တော်တို့ ဒီနေ့ သဘောတူညီချက်ရရှိတဲ့အတွက် ဒါအဖြေကောင်းတစ်ခုပါပဲ။ ဒီအချက်ရှစ်ချက်ရပြီးရင် DPN ခေါင်းဆောင်ပြောသလို NCA လမ်းကြောင်းအတိုင်း ရှေ့ဆက်သွားဖို့က ဒီနေ့ဆွေးနွေးမှုတွေရဲ့ ရလဒ်အပေါ်မှာ ကျွန်တော်တို့ အင်မတန် အားရကျေနပ်မိပါတယ်။ အနည်းငယ် စကားလုံးအသုံးအနှုန်း အပြောင်းအလဲလေးတွေကိုပဲ နောက်ဆုံး ကျွန်တော်တို့ ရန်ကုန်မှာဆုံတဲ့အချိန်၊ ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းတွေ ထပ်တွေ့တဲ့အခါကျရင် ရမယ်ဆိုတာယုံကြည်လို့ ဒါဝမ်းသာအားရတဲ့ အဖြေလို့ ကျွန်တော်ပြောခြင်းဖြစ်ပါတယ်" ဟုမီဒီယာများအား ပြောကြားသည်။

တရားဝင်တွေ့ဆုံမှုများ ပြုလုပ်ပါက တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပိုင်းဆိုင်ရာဖြစ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တို့နှင့်ပတ်သက်သော ဆွေးနွေးမှုများပြုလုပ်ရန် ကျန်ရှိနေသေးသည်။

ခူဦးရယ်က "ဒီနေရာမှာအထူးသဖြင့်ကတော့ တစ်ဆို့တယ်လို့ ပြောလို့လည်းရသလို ကျွန်တော်တို့အတွက် ကျော်ဖြတ်ရမယ့် အခက်အခဲလို့လည်း ပြောလို့ရမယ်လို့ ထင်ပါ တယ်။ အထူးသဖြင့်ကတော့ ရှစ်ချက်ထဲမှာ အရင်က မူအားဖြင့် သဘောတူလိုက်တဲ့ အနေအထားအောက် မှာ အချက်နှစ်ချက်ရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ နိုင်ငံရေးနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေကို ကျွန်တော်တို့ မူဘောင်ပြန်လည်သုံးသပ်တဲ့ ဖြစ်စဉ်ထဲမှာ ချိန်တွဲပြီးသွားမယ်လို့ ပြောထားတာရှိသလိုပဲ တပ်ပိုင်းဆိုင်ရာကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးလည်း ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးဖြစ်စဉ် (JMC)မှာ ကျွန်တော်တို့ ယှဉ်တွဲပြီး သွားမယ်ဆိုပြီး ကျွန်တော်တို့ ပြောထားတယ်။ ဒီနှစ်ချက်လုံးက ငြိမ်းချမ်းရေးကော်မရှင် (PC) နဲ့ ကျွန်တော်တို့နှစ်ဖွဲ့ကြား ဆွေးနွေးသဘောတူမှုလောက်နဲ့ ပြီးဆုံးမယ့်ကိစ္စမဟုတ်ပါဘူး။ ဒါက ကျန်တဲ့ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ အားလုံးပါဝင်တဲ့ အခင်းအကျင်းအောက်မှာ အဖြေရှာရမယ့်ကိစ္စလို့ အဲဒီလိုနားလည်ထားတာ" ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့(DPN) တို့သည် လာမည့် ဇွန် ၂၀ တွင် ပြုလုပ်မည့် UNFC ညီလာခံအပြီး ရန်ကုန်တွင် တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိသည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်မှ ကိုယ်စားလှယ်အဖြစ် ဦးအောင်စိုး၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့မှ ဦးလှမောင်ရွှေနှင့် ဒေါက်တာ မင်းဇော်ဦး၊ နည်းပညာအထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ တက်ရောက်ပြီး နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ DPN အဖွဲ့ ခေါင်းဆောင် ခူဦးရယ်၊ ဒေါက်တာနိုင်ရွှေသိန်း၊ ဦးထွန်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများတွင် ကျောင်းသား ကျောင်းသူများပါဝင်လာစေရန် ရွှံ့ကဏန်းလွှတ်ပွဲကျင်းပ

**စစ်တွေ ဇွန် ၁၀**

ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်လာစေရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ် စစ်တွေခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၁၀၀ ဂရမ်အောက် ရွှံ့ကဏန်းလွှတ်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၈ နာရီခွဲက စစ်တွေမြို့ ရှုခင်းသာလမ်းအနီး ကုလားတန်မြစ်တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

“ဒေသခံ ရေလုပ်သားတွေကို ဥပါတဲ့ကဏန်းတွေမဖမ်းဖို့။ ကဏန်းတွေကို ဘယ်အရွယ်မှာ ဖမ်းလို့မရဘူး။ ဘယ်အရွယ်မှာ ဖမ်းလို့ရတယ်ဆိုတဲ့ အသိပညာရစေဖို့ရယ် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ကျောင်းသား ကျောင်းသူတွေ ပါဝင်လာစေဖို့အတွက် ရည်ရွယ်ပြီး ကျင်းပတာပါ”ဟု ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြား ရေးမှူး ဒေါက်တာ ညွှန့်ဝေက ပြောသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာညွှန့်ဝေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ၁၀၀ ဂရမ် အောက် ရွှံ့ကဏန်းကောင်ရေ ၂၀၀၀ ကို ကုလားတန်မြစ်အတွင်း လွှတ်ပေးခဲ့ကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်သဟာယအသင်း၊ ကဏန်းမွေးမြူရေးဆိုင်ရာ ဆရာဖြစ်သင်တန်းမှ သင်တန်းသားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

၁၀၀ ဂရမ်အောက်ရှိသော ကဏန်းများသည် မိတ်လိုက်မျိုးပွားခြင်းမရှိကြောင်း၊ ကဏန်းများသည် ၁၀၀ ဂရမ်အထက်တွင်မှ မိတ်လိုက်မျိုးပွားကြကြောင်း၊ ကဏန်းပြုန်းတီးမှုမရှိစေရေးအတွက် ၁၀၀ ဂရမ်ထက်ငယ်သော ကဏန်းများကို ဖမ်းဆီးခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားထားကြောင်း သိရသည်။

**သတင်း-မင်းသစ်**(MNA)
**ဓာတ်ပုံ-ရဲထွဋ်**




# ထူးကြိုးပြုတ်ပြီး နယ်ကျွံရောက်ရှိလာသည့် ဆင်ကြောင့် ဒေသခံများထိတ်လန့်မှုဖြစ်ပွား

**ရေတာရှည် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကွမ်းအုံကျေးရွာနှင့် သဖန်းစင်ကျေးရွာအကြား ကြံစိုက်ခင်းများအတွင်း ဇွန် ၁၀ ရက် နံနက် ၉ နာရီခန့်က စစ်တောင်းမြစ်ကိုဖြတ်ကူးကာ ရုတ်တရက် ရောက်ရှိလာသောဆင်ကြောင့် ဒေသခံများစိုးရိမ်ထိတ်လန့်မှုဖြစ်ပွားခဲ့ပြီး အချို့မှာ တောထဲတွင် အလုပ်လုပ်ကိုင်နေကြရာမှ ကျေးရွာတွင်းသို့ ပြန်လည်ထွက်ပြေးလာခဲ့ကြရကြောင်း သိရသည်။



အဆိုပါသတင်းရရှိသည့် ကျေးရွာများဖြစ်သည့် ဒိုးတန်းကျေးရွာနှင့် ကွမ်းအုံကျေးရွာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆင်တစ်ကောင်မှာ စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း နှမ်းစိုက်ခင်းများအတွင်း တရွေ့ရွေ့နှင့် သွားလာလျက်ရှိကာ တောထဲရှိ တဲများတွင်နေထိုင်ကြသည့် ဒေသခံများ အုပ်စုလိုက်ထွက်ပြေးနေကြသည်ကို မြစ်အနောက်ဘက်ခြမ်းတာပေါင်ပေါ်မှ အတိုင်းသား လှမ်းမြင်တွေ့ရသည်။ နံနက် ၁၀ နာရီခွဲခန့်တွင် စစ်တောင်းမြစ် အနောက်ဘက်ကမ်း ကွမ်းအုံကျေးရွာနှင့် သဖန်းစင်ကျေးရွာအကြား ကြံစိုက်ခင်းများဘက်သို့ ဖြတ်ကူးလျက် အဆိုပါကြံစိုက်ခင်းများအတွင်း၌ပင် သွားလာလျက်ရှိသည်ကို တွေ့ရသည်။

“မနက်က သစ်ချဆိပ်ရွာကိုတောင်ငူမြသာကုန်းရွာကနေ ဖုန်းဆက်တယ်၊ ဆင်တစ်ကောင် လွတ်လာတယ်၊ သတိထားကြဖို့ပြောတာ၊ အခု ရှမ်းစုဘက်ကနေ မြစ်အနောက်ဘက်ခြမ်းကို ရောက်လာတာ”ဟု ဒိုးတန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ပြောသည်။ ဒိုးတန်း-ရှမ်းစု မြစ်ကူး ကူးတို့တွင် ရောက်ရှိနေသူ အမျိုးသမီးလေးဦးမှာ အရှေ့ဘက်ကမ်းတောထဲမှ ပြန်ပြေးလာကြခြင်းဖြစ်ပြီး သူတို့ပေါင်းနုတ်နေသည့်နေရာအနီးမှ ဆင်ဖြတ်သွားခဲ့ခြင်းဖြစ်ကြောင်းပြောသည်။ “ဆင်ကြီးလာတာကို လုံးဝကိုမမြင်တာ။ ခြေသံလည်းမကြားရဘူး၊ အနားရောက်မှ သိလို့ပြေး လိုက်ရတာ။ ခုထိတောင် အမောမပြေသေး ဘူး ”ဟု ၎င်းတို့က ဆက်လက်ပြောသည်။

အဆိုပါ လွတ်ထွက်လာသော ဆင်အား မွန်းလွဲ ၂ နာရီခွဲခန့်တွင် တောင်ငူမှ ဆင်ဖမ်းအဖွဲ့ရောက်ရှိလာကာ ကြံခင်းအတွင်းရောက်ရှိနေသော ဆင်ကိုဖမ်းဆီးခဲ့သည်။ တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ရက်ခန့်က ထိန်းကျောင်းရန်ထားခဲ့ပြီးနောက် ထူးကြိုးပြုတ်ကာ လွတ်သွားခဲ့ခြင်းဖြစ်ပြီး ဆင်သွားရာလမ်းကြောင်းရှိ ပိန်းနွဲပင်ကျေးရွာ ဘုန်းကြီးကျောင်းအုတ်တံတိုင်းအား ဖျက်ဆီးမှုကြောင့် အခန်းလေးခန်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၇ စီး၊ သွင်းကုန် ၅၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉ စီး၊ သွင်းကုန် ၂၃၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၇ ဒသမ ၇၄၀၉ သန်းခန့်ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၉ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Hyundai Starex ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Ovaltine (Chocolate Malt) (1×12) 36 Pkgs၊ "Parijat" Tobacco (1×10) 10 Boxes နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၈၆ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရာအိမ်မှူးအသတ်ခံရမှုနှင့်ပတ်သက်၍ ဆက်စပ်တရားခံဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာမှ ရာအိမ်မှူး နူရ်အာမိန် ဇွန် ၄ ရက် နံနက်ပိုင်းက အသတ်ခံရမှုနှင့်ပတ်သက်၍ ဆက်စပ်တရားခံအား ယမန်နေ့ညက ထပ်မံဖမ်းဆီးရမိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူး အသတ်ခံရမှုတွင် ပါဝင်ပတ်သက်သူ တရားခံ ၁၂ ဦးအနက် အလယ်သံကျော်ကျေးရွာမှ မသက်ာသူ ဆွေယော့တူ ဆလမ် ကို ယမန်နေ့ ည ၈ နာရီခန့်က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီအမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

# လယ်များ ရေကြီးနစ်မြုပ်မှုမရှိစေရေး ဆည်မြောင်းများတူးဖော်

**ရေး ဇွန် ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးရာသီကာလတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ ပင်လယ်ရေငန်ဝင်ရောက်မှုဒဏ်ကာကွယ်ရန်နှင့် ရေကြီးနစ်မြုပ်မှုဒဏ် ကင်းလွတ်စေရန် ချောင်းမြောင်းတူးဖော်ခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ခွင့်ပြု ရန်ပုံငွေကျပ်သန်းပေါင်း ၁၃၇ ဒသမ ၉ သန်းခန့် အကုန်အကျခံကာ ရေးမြို့နယ်ရှိ ကလော့ချောင်းအောက်ပိုင်း ကော့ဒွတ်ရွာတွင် နွေရာသီ၌ချောင်းပြန်လည်တူးဖော်ခြင်း၊ ကော့လှိုင်ရေငန်တာတမံတည်ဆောက်ခြင်းနှင့် ရေထွက်ပေါက်အပြင် နွေရာသီစပါးစိုက်ပျိုးနိုင်ရန် ချောင်း/မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ချောင်းမြောင်းတာတမံများကို ပြန်လည်တူးဖော်တည်ဆောက်ပေးသည့်အတွက် ယခင် မိုးရာသီတွင် ရေကြီးနစ်မြုပ်လေ့ရှိသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ကာကွယ်သွားနိုင်မည်ဖြစ်သလို လယ်သမားတွေ လယ်ယာလုပ်ငန်းပိုမိုလုပ်ကိုင်နိုင်ပြီး အကျိုးစီးပွား ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် မှတ်တမ်းများအရ မိုးစပါးလယ်ယာမြေဧကပေါင်းမှာ ၆၈၃၀၅ ဧကရှိပြီး စိုက်ပျိုးတောင်သူက တစ်သောင်းကျော်ခန့်ရှိကာ ပြီးခဲ့သည့် မိုးစပါးစိုက်ဧက တစ်ဧကလျှင် ပျမ်းမျှစပါးတင်းရေ ၆၀ ဒသမ ၆၃ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်-ရေး**

# မြစ်ရေမြင့်တက်လာပါက လူနှင့်တိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းမှု သရုပ်ပြလေ့ကျင့်

**မြစ်ကြီးနား ဇွန် ၁၀**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကြောင်း မြစ်ရေမြင့်တက်လာပါက လူနှင့်တိရစ္ဆာန်များကို ဘေးကင်းရာသို့ ပြောင်းရွှေ့ သရုပ်ပြလေ့ကျင့်မှုကို မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက် ဧရာဝတီမြစ်ကမ်းနံဘေးတွင် ဇွန် ၁၀ ရက် နံနက် ၈ နာရီ က ကျင်းပသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်းပြီး မြစ်ရေမြင့်တက်လာပါက မြစ်ထဲရှိသဲသောင်ပြင်တွင်နေထိုင်၍ သဲတူးလုပ်ငန်းလုပ်နေသော မိသားစုဝင်များအား စက်လှေဖြင့် သယ်ယူပြောင်းရွှေ့ပေးခြင်း၊ မြစ်ကမ်းနံဘေးတွင်နေထိုင်သော အိမ်ထောင်စုဝင်များအား သယ်ယူပြောင်းရွှေ့ပေးခြင်း၊ သဘာဝဘေးဒဏ်ခံရသည့် မိသားစုဝင်များအား စာရင်းကောက်ယူခြင်း၊ မိသားစုဝင်များအား လုံခြုံရေးကိစ္စ ဆောင်ရွက်ပေးခြင်း၊ ဆေးဝါးရိက္ခာ ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ပေးခြင်းနှင့် ဒဏ်ရာရ လူနာများအား ရှေ့ဦးပြုစုပြီး ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းများကို သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။



“မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးလာရင် မြစ်အတွင်း လယ်ယာကိုင်းကျွန်းလုပ်ကိုင်ပြီး သဲသောင်ပြင်တွေမှာနေထိုင်ကြတဲ့ မိသားစုဝင်တွေကို အချိန်ပိုင်းအတွင်း ပြောင်းရွှေ့ပေးနိုင်ဖို့ရည်ရွယ်ပြီး ပြုလုပ်တာဖြစ်တယ်”ဟု ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးစိုးဝင်းက ပြောသည်။

“ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့်အထိ မီးသတ်ဦးစီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်ကျရောက်လာတဲ့အခါမှာ ပြည်သူတွေကို ကူညီဆောင်ရွက်ပေးနိုင်ဖို့ သန္ဒေအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၆ ဦး နဲ့ ဖွဲ့စည်းထားရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက တပ်ဖွဲ့ဝင်တွေအနေနဲ့ အဆင်သင့်ရှိနေပါတယ်”ဟု ၎င်းကပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# သဲချောင်းကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်

**နေပြည်တော် ဇွန် ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဲချောင်းကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သဲချောင်းကျေးရွာနေ မဟာမီတာခါတူသည် နေအိမ်၌ ယမန်နေ့ နံနက် ၁ နာရီခွဲက ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မဟာမီတာခါတူနှင့် မိသားစုဝင်များသည် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တစ်ဦးလျှင် ငွေကျပ် ၁၁ သိန်းနှုန်းဖြင့် ရန်ကုန်သို့ တရားမဝင်ပို့ဆောင်သူ ငါးဦးအား အရေးယူ

**မကွေး ဇွန် ၁၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ တရားမဝင်သွားလာသူလေးဦးအား ရန်ကုန်သို့ အခကြေးငွေရယူကာ တရားမဝင်ပို့ဆောင်သူ အမျိုးသားငါးဦးအား ငဖဲမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် နံနက် ၂ နာရီက ငဖဲမြို့နယ် ဂုတ်ကြီးရဲကင်းစခန်းမှ ရဲအုပ်ကျော်မျိုးနှင့်ပူးပေါင်းအဖွဲ့သည် ငဖဲမြို့နယ် မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် (၅၀/၃) အနီးတွင် ယာဉ်ဝင်/ထွက် မှုများအား စစ်ဆေးနေစဉ် ယာဉ်အမှတ် AA/----- Super Lucent-CREST ယာဉ်အား စစ်ဆေးရန် တားဆီးခဲ့ရာ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွား၍ ၎င်းနောက်မှ မောင်းနှင်လာသည့် AA/-----AD ယာဉ်အား ဆက်လက်တားဆီးစစ်ဆေးခဲ့သည်။

အဆိုပါယာဉ်ပေါ်တွင် ပျော်ဘွယ်မြို့နေသူ စောဝင်းမြင့် (၃၃နှစ်)၊ အိမ်မဲမြို့နယ်နေသူ ရဲအောင်(၄၅နှစ်)တို့နှင့်အတူ ကျောက်တော် မြို့နယ်နေသူများဖြစ်သည့် အဒူကော်ရိန်(၂၈နှစ်)၊ ဆာရာအဇူဟောက်(၁၄နှစ်)၊ မရာရှီဒါ(၁၄နှစ်)၊ မဟာရှဟာတူ(၁၃နှစ်)စသည့် တရားမဝင်သွားလာသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ ရှေ့မှမောင်းနှင်ထွက်ပြေးသွားသည့်ယာဉ်အား ပဒါန်းရဲကင်းစခန်းမှူး ရဲအုပ် အောင်မြတ်သူနှင့်အဖွဲ့က စာတက်ကူမောင်းတံဂိတ်တွင် နံနက် ၃ နာရီခွဲက ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် မရမ်းကုန်းမြို့နယ်နေသူ ဇော်မင်းသန်း (၄၆နှစ်)၊



အိမ်မဲမြို့နယ်နေသူများဖြစ်သည့် ထူးကိုကို(၂၀နှစ်)၊ ဌေးလှိုင် (၂၉နှစ်)တို့သုံးဦးအား စစ်ဆေးတွေ့ရှိခဲ့ပြီး ယာဉ်မောင်း စောဝင်းမြင့်နှင့် ရဲအောင်တို့၏ ထွက်ဆိုချက်အရ ဇော်မင်းသန်းပါသုံးဦးတို့မှာ ၎င်းတို့နှင့်တစ်ဖွဲ့တည်းဖြစ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၁ သိန်းနှုန်းဖြင့် ကျောက်တော်မှ ရန်ကုန်သို့ အတူသယ်ဆောင်လာကြောင်း စစ်ဆေးသိရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စောဝင်းမြင့်ပါငါးဦးအား အရေးယူပေးရန် ရဲအုပ်ကျော်မျိုးက တရားလိုပြုလုပ်တိုင်ကြားခဲ့၍ ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး တရားမဝင် ဝင်ရောက်လာသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးစစ်ဆေးရာမှ ပြစ်မှုများထပ်မံပေါ်ပေါက်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ---သည် မေ ၁၅ ရက်ညနေ ၆ နာရီခန့်က စမ်းချောင်းမြို့နယ်မှ YBS ခရီးသည်တင်ယာဉ်လိုင်းအမှတ် (၆၅)စီး၍ နေအိမ်သို့ပြန်လာစဉ် ယာဉ်ပေါ်၌ အိပ်ပျော်သွားသဖြင့် ဂိတ်ဆုံးမှတ်တိုင်ဖြစ်သော ရွှေပြည်သာမြို့နယ် အမှတ် (၂၁) ရပ်ကွက် လိန်ကုန်းကျေးရွာသို့ ရောက်ရှိသွားခဲ့ပြီး သူငယ်ချင်းဖြစ်သူအား ဖုန်းဆက်အကူအညီတောင်းကာ သူငယ်ချင်းဖြစ်သူနှင့် Kenbo -125 ဆိုင်ကယ်ဖြင့်နှစ်ယောက်အတူ ဝါးတစ်ရာစက်မှုဇုန်ပတ်လမ်းအတိုင်း နေအိမ်သို့ ပြန်လာခဲ့ကြောင်း၊ ရော်ဘာစက်ရုံနောက်ကျောလမ်းအရောက်၌ ဆိုင်ကယ်တစ်စီးဖြင့် အမျိုးသားသုံးဦး ရောက်ရှိလာပြီး ၎င်းထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကပ်တစ်ရန်၊ ရွှေလက်စွပ်တစ်ကွင်း၊ SAMSUNG ဖုန်းတို့ကို လုယူပြီး ကျန်အမျိုးသားနှစ်ဦးက သူငယ်ချင်းဖြစ်သူအား ဓားဖြင့်ထိုးကာ Sony ဖုန်းတို့အား လုယူထွက်ပြေးသွားကြောင်း၊ သူငယ်ချင်းဖြစ်သူတွင် ထိုးသွင်းဒဏ်ရာလေးချက်ရရှိသဖြင့် အင်းစိန်ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရကြောင်း လှော်ကားနယ်မြေရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ် ထွန်းလင်းခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် လှော်ကားနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သတင်းစုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ လုယက်မှုဖြင့် ထောင်ကျဖူးသူ ရွှေပြည်သာမြို့နယ်နေ သက်ထွေး(ခ)တိုက်မောင်း (ခ)အသေးလေးဖြစ်ကြောင်း သိရသဖြင့် မေ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် (၁၀) ရပ်ကွက် ပုလဲလမ်းပေါ်မှ ဖမ်းဆီးရမိခဲ့သည်။ ၎င်းအားစစ်ဆေးရာ အဆိုပါအမှုအား မွှေးနီ(ခ)သူရိန်ထွန်း၊ မင်းမင်း(ခ)အောင်မျိုးမင်းတို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် မင်းမင်း(ခ)အောင်မျိုးမင်းအား ဇွန် ၆ ရက် နံနက် ၁ နာရီခွဲတွင်လည်းကောင်း၊ မွှေးနီ(ခ)သူရိန်ထွန်းအား ယင်းနေ့ နံနက် ၃ နာရီတွင်လည်းကောင်း လှိုင်သာယာမြို့နယ်အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား အခြားလုယက်မှုများကျူးလွန်ထားခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့ သုံးဦးနှင့်အတူ ၂၀၁၇ခုနှစ် ဧပြီလနှင့်မေလများအတွင်းက ရွှေပြည်သာနှင့်လှိုင်သာယာမြို့နယ်တို့တွင် စုံတွဲများနှင့် လမ်းလျှောက်သွားလာနေသူများကို ဓားထောက်ကာ လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြပြီး လုယက်ရရှိခဲ့သော ရွှေထည်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းအမျိုးမျိုးတို့ကို ရောင်းချသုံးစွဲခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုထပ်မံရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ်းထောင်းကြီးမြို့၌ မီးလောင်မှုဖြစ်ပွား

**မြေပုံ ဇွန် ၁၀**

မြေပုံမြို့နယ် ကမ်းထောင်းကြီးမြို့ တောင်ပိုင်းရပ်ကွက် ကမ်းနားလမ်း၌ ဇွန် ၁၀ ရက် နံနက် ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။ တောင်ပိုင်းရပ်ကွက် ကမ်းနားလမ်းနေ ဦးထွန်းအောင် (၄၃ နှစ်) ကဏန်းဒိုင်၌ လျှပ်စစ်မီးထွန်းရာမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးစတင်လောင်ရာ အနီးရှိ ဦးနုလှအောင်နေအိမ်နှင့် ဦးအောင်ကြည်တင် (AKT) ငါးပုစွန်အဝယ်ဒိုင်သို့ မီးကူးစက်လောင်ခဲ့သည်။ မီးလောင်ရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ မီးငြိမ်းသတ်မှုကြောင့် နံနက် ၄ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အဆောက်အအုံသုံးလုံး ဆုံးရှုံးခဲ့ရပြီး မီးပေါ့ဆမှုကြောင့် မောင်ချစ်ကိုကိုအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်ရပ်နားပြီး အဲကွန်းဖွင့်အိပ်ပျော်နေစဉ် သေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၀**

ပျဉ်းမနားမြို့နယ် မင်္ဂလာရပ် (၆)လမ်း CB ဘဏ်ရှေ့၌ ဇွန် ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရပ်နားထားသောကားအတွင်းရှိ ယာဉ်မောင်း အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းရရှိ၍ ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေး၊ တာဝန်မှူး ဒုရဲအုပ် အောင်ကိုကိုဝင်းတို့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ရေနီရွာအလယ်ပိုင်း ဘူတာအနီး ရေနီမြို့ ရေတာရှည်မြို့နယ်နေ ဦးတင်စိုး (၅၄နှစ်) ဖြစ်ကြောင်း၊ ၎င်းသည် YGN - 6H/------- Probox ကိုယ်ပိုင်ယာဉ်ဖြင့် တစ်ရပ်ကွက်တည်းနေ ဒေါ်နီမေလွင်၏ မိသားစုအား ကိုယ်တိုင်ယာဉ်မောင်း၍ နံနက် ၈ နာရီက ပျဉ်းမနားမြို့သို့ လိုက်ပို့ခဲ့ကြောင်း၊ ပျဉ်းမနားမြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိပြီး ဘုရားလမ်းရှိ ဂန္ဓမာဆေးခန်းတွင် ဒေါ်နီမေလွင်က ရောဂါပြသပြီးနောက် ဈေးဝယ်ရန်ပြောဆိုသဖြင့် ဦးတင်စိုးက ပျဉ်းမနားမြို့မဈေးအနီး CB ဘဏ်ရှေ့တွင် ကားရပ်ပေးရာ ဒေါ်နီမေလွင်မိသားစုမှ ဈေးဝယ်သွားစဉ် ဦးတင်စိုးသည် မော်တော်ယာဉ်အတွင်း၌ အဲကွန်းဖွင့်ပြီးအိပ်၍ ကျန်ခဲ့ကြောင်း သိရသည်။ နံနက် ၁၁ နာရီခွဲခန့်တွင် ဒေါ်နီမေလွင်မိသားစုမှ ဈေးဝယ်ပြီးပြန်လာ၍ ယာဉ်တံခါးအားဖွင့်စဉ် ဦးတင်စိုးမှာ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ ဦးတင်စိုးမှာ ယခင်က သွေးတိုး၊ နှလုံးရောဂါရှိကြောင်း၊ ၎င်း၏ကိုယ်ခန္ဓာမှာလည်း ဝလွန်းသူဖြစ်၍ ယာဉ်မောင်းထိုင်ခုံတွင် ကျောမှီကာ သေဆုံးနေသဖြင့် ကိုယ်ခန္ဓာအား စစ်ဆေးကြည့်ရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရသောကြောင့် ရဲဆေးစာဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ပျဉ်းမနားမြို့မ ရဲစခန်းမှူး ဒုရဲမှူးတင်ဌေးက သေမှုသေခင်းရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြား လေးသောင်းကျော် သိမ်းဆည်းရမိ

**မိုးညှင်း ဇွန် ၁၀**

ဖားကန့်မြို့နယ် စိတ်မူကျေးရွာအုပ်စု မော်ရှန်ရပ်ကွက်တွင် မူးယစ်ဆေးဝါးသတင်းအရ ဇွန် ၉ ရက် နံနက် ၉ နာရီခန့်က နေအိမ်အားဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား လေးသောင်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့ မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်မျိုးမင်းထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ်နေသူ ဦးရှဲဆမ်(၅၀နှစ်) နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကာလတန်းဖိုးငွေကျပ်သိန်း ၂၁၀၀၀၀၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူ ဦးရှဲဆမ်(၅၀နှစ်)အား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**







### ပြည်ထဲရေးဝန်ကြီးဌာန
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ် (၁၃၇/ဂ)၊ မော်တော်ယာဉ်ဝင်း(အဟောင်း)၊ မြေဧရိယာ ၁ ဒသမ ၃၃၁ ဧကအား ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် နှစ်ရှည်ငှားရမ်းမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၂-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၁၀)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဌာနစု(၁၁)တွင် ရောင်းချမည်ဖြစ်ပြီး ၂၉-၆-၂၀၁၇ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဦးစီးဌာနရုံး ဖုန်း-၀၆၇-၄၁၂၅၂၈၊ ၀၉-၇၈၉၂၁၆၄၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### စလင်းမြို့နယ်တရားမရုံး၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၃

ဦးညွှန့်ရွှေ နှင့် ဒေါ်မို့မို့
**တရားလို** **တရားပြိုင်**

စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု၊ ငွေတောင်ရွာနေ ဒေါ်မို့မို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဆန်ဖိုးငွေကျပ် ၄၇၄၆၅၀၀/-(ကျပ်လေးဆယ့်ခုနစ်သိန်းလေးသောင်း ခြောက်ထောင့်ငါးရာတိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်)၂၀၁၇ခုနှစ် ဇူလိုင် ၁၃ရက်(ကြာသပတေးနေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီဂီမြင့်အောင်)**
**မြို့နယ်တရားသူကြီး**
**စလင်းမြို့နယ်တရားရုံး**



### ကရင်ပြည်နယ်အစိုးရအဖွဲ့
### ကရင်ပြည်နယ်၊ ဘားအံမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ကရင်ပြည်နယ်ရုံးခွဲ၊ ဘားအံမြို့မှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးအဆောက်အဦး တည်ဆောက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

သတ္တုတွင်းဦးစီးဌာန၊ ကရင်ပြည်နယ်ရုံးခွဲ၊ ဘားအံမြို့
ရုံးအဆောက်အအုံ(၁)လုံး၊ ပေ(၄၀×၆၀)၊ ၂ထပ်(RC)

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် အထက်ဖော်ပြပါ ဆောင်ရွက်လိုသည့်လုပ်ငန်းအား အတိုင်းအတာဒီဇိုင်းပုံစံကို လက်ရှိမြေပြင်အခြေအနေ အတိုင်းအတာအရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို ၁၉-၆-၂၀၁၇ ရက်(တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ၁၈-၇-၂၀၁၇ ရက်(အင်္ဂါနေ့) ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာန၊ ကရင်ပြည်နယ်ရုံးခွဲ၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၈၉၀၄၀၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**



**ဖခင် အမည်မှန်**

စစ်တွေမြို့၊အထက(၃) သတ္တမတန်း အောင်မှ မောင်ဘိုလင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းအောင် ၁၁/ပဏတ(နိုင်)၀၅၄၃၀၇ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းအောင်**



### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၉၅၄၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဠ/၄၂၄၃၁ Trawlergi (Li Fan), F/T (4x2) L Dump Body ယာဉ်လက်ဝယ်ရှိသူ ဖြိုးဝေလျှံကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**



**ဖခင် အမည်မှန်**

မြင်းမူမြို့၊အထက(၂)မြင်းမူ တက္ကသိုလ်ဝင်တန်း(A)မှ မဝင်းလဲ့လဲ့ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဝင်း ၅/မမတ(နိုင်)၀၄၈၄၆၁ ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်ဝင်း**



### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတွေကျေးရွာ၊ အထက(ခွဲ) နဝမတန်းမှ မောင်အောင်မျိုးသူ၊ စတုတ္ထတန်းမှ မောင်နေမျိုးသူ၊ တတိယတန်းမှ မောင်မျိုးထက်ကျော်တို့၏ဖခင် ဦးကျော်ထွေး ၅/ဝလန(နိုင်)၁၇၉၁၄၉ နှင့် ဦးတရုတ်ကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ထွေး(ခ)ဦးတရုတ်ကြီး**

## အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# ကျောင်းသူကျောင်းသားနှင့် လူငယ်များကို ရည်ရွယ်လာသည့် လက်သိပ်ထိုးရောင်းဝယ်ခြင်း

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

စာသင်ကျောင်းခန်းအတွင်း အမျိုးသမီးငယ်လေးများ စုရုံးနေကြသည်။ "သမီးသူငယ်ချင်းက သိပ်တော်တာပဲ။ သမီးသူ့ကို အားကျတယ်။ ဒါကြောင့် အိမ်က ငွေနှစ်သိန်းတောင်းထားတယ်။ သူ့လိုပဲ သမီးလည်း တစ်နှစ်အတွင်း အမြတ် ၁၀သိန်း ကျော်ရချင်တယ်"ဟု ရန်ကုန်အရှေ့ပိုင်း တာဝတက္ကသိုလ်၏ ကျောင်းသူများစုရုံးရာနေရာတစ်ခုတွင် ယမန်နှစ်ဝက်အတွင်းက ကိုယ်တိုင်မြင်တွေ့ခဲ့ရ၊ ကြားသိခဲ့ရသည့် မြင်ကွင်းတစ်ခု ဖြစ်သည်။

ကျောင်းသူကလေးများသည် မိဘလုပ်စာဖြင့် ကျောင်းတက်နေခြင်းကို ကျေနပ်မနေဘဲ စီးပွားရေးလုပ်ငန်းကို ပညာသင်ယူနေစဉ်မှာပင် စိတ်ဝင်စားသည့်အတွက် ဝမ်းသာစရာ။ သို့သော် သူတို့ စိတ်ဝင်စားနေသည့် စီးပွားရေးလုပ်ငန်းသည် နိုင်ငံအတော်များများတွင် ပိတ်ပင်တားဆီးနေသည့် မာလ်တီလယ်ဗယ်မာကတ်တင်းဟု ခေါ်ကြသည့် လက်သိပ်ထိုး ရောင်းဝယ်ခြင်းဖြစ်နေခြင်းမှာ စိတ်ပူစရာ ကောင်းလှသည်။

"မြန်မာနိုင်ငံမှာ ခေတ်စားလာတာကြာလှပြီ။ ရန်ကုန်မှာတောင် အတော်နည်းကုန်ပြီ။ ပစ်မှတ်က နယ်မြို့တွေ ကျေးရွာတွေက အလုပ်အကိုင်မရှိတဲ့ အိမ်ရှင်မတွေနဲ့ လူငယ်တွေဆီကိုပါ။ အရင်က ငွေငါးသိန်း၊ ၁၀ သိန်းလိုမျိုးနဲ့ စတာ။ အခု နောက်ပိုင်းမှာ အလှကုန်တွေ အတော်များများ သွင်းကြတယ်။ အဲဒါကို ပြန်ရောင်းကြတာ။ အရင်းအနှီးက နှစ်သိန်းပဲရှိတယ်။ အဖွဲ့ဝင် (Member) တွေက ကျောင်းသား ကျောင်းသူတွေဖြစ်လာတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

ထိုင်းနိုင်ငံထုတ် အလှကုန်များ၊ တရုတ်နိုင်ငံထုတ် အလှကုန်များ၊ အဆီကျဆေးများက ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများအတွက် အသစ်အဆန်းပင်ဖြစ်ကြောင်း၊ အသားအရည်ကြည်လင်စေပြီး အဆီကျခြင်း၊ ခန္ဓာကိုယ်မှ အဆိပ်အတောက်များ ဖယ်ရှားခြင်း၊ အသားဖြူခြင်းစသည့် အာနိသင်များကို သဘောကျကာ ဝယ်ယူကြကြောင်း တိုက်ကြီးမြို့ရှိ အရောင်းကိုယ်စားလှယ် (Member) တစ်ဦးက ပြောသည်။

"သမီးက ထိုင်းအလှကုန်တွေ ရောင်းတယ်။ စစချင်းမှာ ငွေကျပ် နှစ်သိန်းပေးရတယ်။ ပစ္စည်းတွေက သုံးသိန်းကျော်ဖိုး ပေးတယ်။ ကိုယ်ကနေ Member နှစ်ယောက်ပြန်ရှာပေးရတယ်။ သမီးတို့ မြို့က ဆန်ဆိုင်ပိုင်ရှင်နဲ့ ဆေးဆိုင်ပိုင်ရှင်နှစ်ယောက်ရှာထားတယ်။ ကိုယ်ရှာပေးတဲ့ Member က အရောင်းအဝယ်အားကောင်းတဲ့အတွက် သမီးအနေနဲ့ အများကြီးအကျိုးရှိပါတယ်။ Multi Level Marketing က သမီးအတွက်တော့ အများကြီး အကျိုးရှိပါတယ်။ တစ်လကို ငွေကျပ်တစ်သိန်းကျော် အမြတ်ကျန်တယ်။ ဒါပေမယ့် ရေရှည်တော့ ဆက်လုပ်သွားဖို့ မရည်ရွယ်ထားဘူး။ ကျောင်းပြီးတာနဲ့ ရပ်ပစ်လိုက်ပြီး ကိုယ်ပိုင်အလုပ်တစ်ခု လုပ်မယ်"ဟု နောက်ဆုံးနှစ်ကျောင်းသူတစ်ဦးဖြစ်သည့် ပုသိမ်ကြီးမြို့နယ်မှ မနေသီရိဦးက ပြောပြသည်။

အလှကုန်များအပြင် ကျောင်းသားအချို့မှာ နာရီ၊ စမတ်ဖုန်း၊ အီလက်ထရွန်းနစ်ပစ္စည်းများနှင့်အခြားအမျိုးသားသုံး နောက်ဆုံးပေါ် ပစ္စည်းများကိုလည်း MLM နည်းဖြင့် ရောင်းချလာသည်ကိုလည်း မြင်တွေ့ရသည်။ "ကျွန်တော်တို့ ကုမ္ပဏီက မင်္ဂလာတောင်ညွန့်မှာ ရှိတယ်။ အများကြီးဝယ်ထားစရာမလိုဘူး။ ကိုယ်ဝယ်ရင် ဝယ်တဲ့ပစ္စည်းအပေါ်မှာ လျှော့ဈေးပေးတယ်။ သူများကို ပြန်ရောင်းပေးရင် ကော်မရှင်ရတယ်။ ဒါပေမယ့် အွန်လိုင်းတို့ ဖေ့စ်ဘွတ်ခ်ပေ့ချ်တွေကနေ မကြော်ငြာရတဲ့ ကန့်သတ်ချက်ရှိတယ်။ ကိုယ်တိုင်တွေ့တာဖြစ်ဖြစ် လုပ်ရမယ်။ တစ်ဦးချင်း Target ထားပြီး ရောင်းချရတာဖြစ်ပါတယ်။ ဈေးတွေကတော့ နိုင်ငံခြားက သတ်မှတ်ထားတဲ့ဈေးတွေပါပဲ။ ရောင်းတာက အဓိက မဟုတ်ဘူး။ သူတို့က Member များအောင်လုပ်တာ။



ကိုယ်က လူရှာပေးရင် Bonus တွေရတယ်။ Bonus က ငွေသားပေးတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အဲဒါကနေ သူတို့ ထုတ်ကုန်ကို ဝယ်ရင်ရတယ်။ ကျွန်တော်အခု နှစ်နှစ်ကျော်လာပြီ။ ပစ္စည်းတွေတော့ တော်တော်စုမိတယ်။ ကိုယ်က အပြင်ဈေးကွက်မှာ ပြန်ရောင်းတယ်။ မြတ်တဲ့အခါ လည်း မြတ်တယ်" ဟု Multi Level Marketing လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

အလှကုန်များ၊ ဓာတ်စာများ၊ ဆေးများကို ဆေးဆိုင်များနှင့် ချိတ်ဆက်ကာရောင်းချနေခြင်းမျိုးရှိပြီး ဝယ်ယူစားသုံးခြင်းထက် အဖွဲ့ဝင်အရေအတွက် များပြားခြင်းကို ပိုကြိုးစားရှာဖွေကြခြင်းဖြင့် မရရှိသည့် Member များက မိမိတို့ ထည့်ဝင်ထားသည်များကို ပြန်လည်ထုတ်ယူခြင်း မပြုလုပ်ကြဘဲ မိမိတို့ အရည်အချင်းမပြည့်သဖြင့် Target သို့ မရောက်နိုင်ဟု ထင်မြင်ကာ အဆက်အသွယ်ပြတ်တောက်မှုများ ရှိနေကြောင်း သိရသည်။

"အပြင်မှာ အများကြီး ပြန့်ပြီးပြီ။ သူတို့ ဟာသူတို့ သိလာကြပြီးမှ နောက်ဆုတ်ကြတာများတယ်။ ဒါပေမယ့် ကျောင်းသားအရွယ် လူငယ်တွေကိုတော့ အကျင့်မလုပ်သင့်ဘူး။ Multi Level Marketing နဲ့ ပတ်သက်ပြီးရင် ကျွန်တော်လည်း ပြောခဲ့ပေါင်းများပြီ။ ပြဿနာတွေလည်း တက်ခဲ့တာများလှပြီ။ ဒါပေမယ့် ကျွန်တော်တို့ ပြည်သူတွေ ဗဟုသုတနည်းတာ၊ အားနာတတ်တာနဲ့အယုံလွယ်တာကို အသုံးချခံနေရတာ"ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောပြသည်။

ယခင်က ငွေကြေးများစွာ ဆယ်ဂဏန်းအထိ လုပ်စားကြသော်လည်း ယခုအခါ ပစ်မှတ်ပြောင်းလဲပြီး ငွေတစ်သိန်း ထည့်ခိုင်းခြင်းဖြင့် အဖွဲ့ဝင်ဖြစ်စေပြီး အလှကုန် ငွေကျပ်တစ်သိန်းဖိုးခန့် ပေးအပ်လိုက်သည်။ အမှန်မှာ ယင်းကုန်စည်များသည် မြန်မာနိုင်ငံဈေးကွက်သို့ ရောက်ရှိမလာသည့် အမှတ်တံဆိပ်များဖြစ်ပြီး အချို့ပစ္စည်းများမှာ ကုန်အမှတ်တံဆိပ် ထောက်ခံချက်များ မပါရှိကြောင်း သိရသည်။

ကျောင်းက ဆရာမတစ်ဦးကလည်း ယခုကဲ့သို့ အလှကုန်လက်သိပ်ထိုးရောင်းချသည့် အလုပ်ကို ပူးတွဲလုပ်ကိုင်ကြောင်း၊ ဆရာ ဆရာမအချို့ကိုလည်း အဖွဲ့ဝင်ဖြစ်ရန် တိုက်တွန်းပြီး ကျောင်းသားမိဘများကိုလည်း အဖွဲ့ဝင်ဖြစ်ရန် တိုက်တွန်းခဲ့ကြောင်း၊ နောက်ပိုင်းတွင် ငွေကြေးပြဿနာဖြင့် အလုပ်မှ ထွက်သွားရဖူးကြောင်း ကျောင်းဆရာမတစ်ဦးကလည်း ပြောပြသည်။

"ကျွန်မကလည်း ငွေကျပ်တစ်သိန်းဆိုတော့ ပါဝင်လိုက်တယ်။ ဝင်ဝင်ချင်းပဲ ကျွန်မကို အလွန်ဂရုစိုက်တယ်။ ကျွန်မစိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ဒါရိုက်တာအဆင့်လို့တောင် ထင်မိတယ်။ ပြီးတော့ အလှကုန်တွေပေးတယ်။ ကျွန်မက ကိုယ်လည်း သုံးတယ်။ သူများကိုလည်း ပေးသုံးတယ်။ နောက်လလည်း တစ်သိန်းဖိုး ထပ်ဝယ်တယ်။ သူများကိုလည်း ရောင်းပေးတယ်။ ခြောက်လလောက်နေတော့ ကျွန်မအမျိုးသားနဲ့ ဇန်ကောက်ကို အလည်သွားတော့ ဟိုက ညဈေးတန်းမှာ ကျွန်မရောင်းတဲ့ အလှကုန်တွေ သွားတွေ့တယ်။ သူတို့ပြောတုန်းက ပုံစံမျိုးလည်း မဟုတ်ဘူး။ ဈေးကလည်းကျွန်မဒီမှာ ငွေကျပ်တစ်သောင်းလောက်ပဲ တွေ့တာကို ရန်ကုန်မှာ သုံးသောင်းကျော်တယ်။ အဲဒါက ဈေးကွက်စီးပွားရေးမို့ ဘာမှမပြောလိုပေမယ့် ကျွန်မတို့ကိုခေါ်ပြီး ဟောပြောတုန်းက သူတို့ပစ္စည်းက ဘယ်လိုဘယ်ညာဆိုပြီး စာအုပ်တွေလည်း ပြတယ်။ ဝက်ဘ်ဆိုက်တွေမှာလည်း တွေ့တယ်။ အခုဟာက မတူတော့ ရန်ကုန်ရောက်လို့ သူတို့ကို မေးတဲ့အခါ ကျွန်မကို ချက်ချင်းအဖွဲ့ဝင်အဖြစ်က ထုတ်ခဲ့တယ်။ နောက်ပိုင်းမှာ ဇန်ကောက်ကို လူတွေခေါ်ပြီး အခမ်းအနားတွေ ဘာတွေလုပ်တယ်။ ကျွန်မသိတာတော့ အားလုံးက သူတို့ လိမ်နေတာ"ဟု အလှကုန်ရောင်းချသူ မသင်းသင်းဆိုင်က ပြောပြသည်။

အများစုသော Multi Level Marketing များသည် အဖွဲ့ဝင်အဖြစ် စာချုပ်ချုပ်ဆိုကတည်းကပင် တရားစွဲဆိုနိုင်ရန် ခက်ခဲအောင် စီစဉ်ထားပြီးဖြစ်သည်။ "သူတို့က ငွေတွေလက်ခံတယ်လို့ စာချုပ်မှာမသုံးထားဘူး။ ယုံကြည်လို့ သုံးခွင့်ပေးပါတယ်လို့ သုံးထားတာမျိုးရှိတယ်။ အခုနောက်ပိုင်းမှာ သူတို့ လူရှာတဲ့နည်းလမ်းက ဟောပြောပွဲတွေ လုပ်လာကြတယ်။ ကြီးပွားတိုးတက်နည်း၊ ဘဝအတွေ့အကြုံစတာတွေကို ဟောပြောကြတယ်။ အမှန်က ကြော်ငြာတာ။ ဒါကို အသုံးချပြီး လူဆွယ်ကြတာ။ သတိတော့ထားပါ။ အဲဒီနည်းက အမှန်တကယ် ကြီးပွားတိုးတက်တဲ့လမ်းကြောင်းတော့ မဟုတ်ဘူး"ဟု လုပ်ကိုင်ခဲ့ဖူးသည့် အမျိုးသားတစ်ဦးက ပြောပြသည်။

"ကျွန်မတို့ကျောင်းမှာတော့ အဲဒီလိုဖြစ်ရပ်တွေ မရှိပါဘူး။ ကလေးတွေအချင်းချင်း ရောင်းဝယ်တာရှိပေမယ့် အဲဒီလို လုပ်တာတွေ့ရင်တော့ ပညာပေးသွန်သင်ရမယ်။ လမ်းလွဲလိုက်သလိုဖြစ်ပြီး အလိမ်အညာအားပေးသလို ဖြစ်လာမှာ"ဟု ရန်ကုန်တက္ကသိုလ်က မြန်မာစာဌာနမှ ဒေါ်မြင့်မြင့်ဌေးက ပြောပြသည်။

ထိုသူအများစုသည် နာမည်ကြီးများ၊ ထင်ရှားကျော်ကြားသူများကို ဖိတ်ကြားကာ ထိုသူများနှင့် အကျိုးတူ ပူးပေါင်းသယောင် လုပ်ဆောင်တတ်ကြပြီး လူငယ်များအနေဖြင့် ဆင်ခြင်တွေးဆခြင်းဖြင့် လက်သိပ်ထိုးရောင်းဝယ်ခြင်း အတတ်ပညာကို ရှောင်ရှားသင့်ကာ ပွင့်လင်းမြင်သာစွာ၊ ရိုးသားစွာဖြင့် ရှာဖွေစုဆောင်းနိုင်မည့် အလုပ်အကိုင်ကောင်းများကိုသာ ရွေးချယ်သင့်ပါကြောင်း။ ။

**ကျောင်းသူကလေးများသည် မိဘလုပ်စာဖြင့် ကျောင်းတက်နေခြင်းကို ကျေနပ်မနေဘဲ စီးပွားရေးလုပ်ငန်းကို ပညာသင်ယူနေစဉ်မှာပင် စိတ်ဝင်စားသည့်အတွက် ဝမ်းသာစရာ။ သို့သော် သူတို့စိတ်ဝင်စားနေသည့် စီးပွားရေးလုပ်ငန်းသည် နိုင်ငံအတော်များများတွင် ပိတ်ပင်တားဆီးနေသည့် မာလ်တီလယ်ဗယ် မာကတ်တင်းဟု ခေါ်ကြသည့် လက်သိပ်ထိုးရောင်းဝယ်ခြင်းဖြစ်နေခြင်းမှာ စိတ်ပူစရာ ကောင်းလှသည်**

---

## ကန့်ပက်လက်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ကန့်ပက်လက် ဇွန် ၁၀**

ကန့်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်စစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသွန်းအောင်ကျော်က ချင်းပြည်နယ် ကန့်ပက်လက်မြို့သို့ မဟာဓာတ်အားလိုင်းကို မကွေးတိုင်းဒေသကြီး ဆောမြို့ဓာတ်အား(ခွဲ) စက်ရုံမှတစ်ဆင့် ဇွန် ၃ ရက်က စတင်ပို့လွှတ်နေပြီဖြစ်ကြောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)






COME ကမ်း - လာပါ..
GO ဂို - သွားပါ၊
EAT အီး - စားပါ...




HTOO





# မြန်မာသဒ္ဒါသင်ကြားရေး (၉)

မောင်ခင်မင်(ဓနုဖြူ)

“ကဲ…ဆရာကြီး ဦးဖေမောင်တင်ရဲ့ သဒ္ဒါတွေအကြောင်း ဆက်ကြရအောင်”

“ဆရာလည်း ဆရာကြီးရဲ့ သဒ္ဒါတွေ သင်ခဲ့ရတာလား ဆရာ”

“ဟုတ်တယ်။ ဆရာပဉ္စမတန်းမှာ စပြီး ဆရာကြီးရဲ့မြန်မာသဒ္ဒါစာအုပ် သင်ရတာ။ အလယ်တန်း မြန်မာသဒ္ဒါ ဖြစ်မှာပေါ့။ နောက်လေ့လာကြည့်တော့ ဆရာကြီးဦးဖေမောင်တင်ရဲ့မြန်မာသဒ္ဒါစာအုပ်တွေ ၁၉၅၀ ကျော်ကစပြီး တစ်အုပ်ပြီးတစ်အုပ် ထွက်လာတာလေ။ မြန်မာ့ဝါကျဖွဲ့ထုံးကျမ်းက အစောဆုံး ထင်တယ်”

“ဟုတ်ကဲ့၊ မြန်မာသဒ္ဒါဆိုတဲ့ နာမည်နဲ့လည်း စာအုပ်ထွက်တယ်”

“ မြန်မာသဒ္ဒါနှင့် အသုံးအနှုန်းဆိုတဲ့ စာအုပ်လည်းထွက်တယ်”

“ ဒီစာအုပ်တွေအားလုံး မြန်မာစာ အဖွဲ့က ထုတ်တဲ့မြန်မာသဒ္ဒါစာအုပ်တွေ မပေါ်ခင်အထိ ကျောင်းတွေမှာ သင်ရတယ် ထင်ပါတယ်”

“ တက္ကသိုလ်မှာလည်း ပထမနှစ်၊ ဒုတိယနှစ် ပင်ရင်း မြန်မာစာမှာ သင်ရပါတယ်”

“ဟုတ်ကဲ့၊ ကျွန်မလည်း သင်ရပါတယ်ဆရာ။ ဘယ်အတန်းမှာ ဘယ်သဒ္ဒါ စာအုပ်သင်ရတယ်ဆိုတာတော့ မမှတ်မိတော့ပါဘူး”

“ အခြေခံအချက်တွေကတော့ အတူတူပါပဲ။ အကျဉ်း အကျယ်ပဲကွာတာပါ။ ဒါ့ထက်… ဆရာစဉ်းစားမိတာ တစ်ခုရှိတယ်”

“ဟုတ်ကဲ့… ဘာပါလိမ့်”

“သြော်…ဆရာကြီးငယ်ငယ်က သဒ္ဒါသင်ရတဲ့အခါမှာ အရင်ပြောခဲ့တဲ့အတိုင်း ပါဠိဝေါဟာရတွေရဲ့အင်မတန် ခက်ခဲရှုပ်ထွေးတဲ့ သဒ္ဒါကို သင်ရလို့ သဒ္ဒါကို စက်ဆုပ်တယ်လို့တောင် ပြောခဲ့တယ်မဟုတ်လား။ ခု-ဆရာကြီးကိုယ်တိုင် သဒ္ဒါရေးတော့ ကျောင်းသားတွေ အဲဒီလို ဒုက္ခမရောက်အောင် ရှင်းရှင်းလင်းလင်းရေးမှာပဲလို့ စဉ်းစားမိလို့ပါ။ တကယ်လည်း ဆရာကြီးရဲ့သဒ္ဒါစာအုပ်တွေဟာ ရှင်းလင်းပါတယ်”

“ ပါဠိစကားလုံး အကြီးကြီးတွေလည်း မပါတော့ဘူး ဆရာ”

“ ဆရာ-ဆရာကြီးရဲ့ သဒ္ဒါတွေရော ဝါစင်္ဂရှစ်ပါးလမ်းကြောင်း အတိုင်းရေးတယ်လို့ ဆိုနိုင်ပါသလားဆရာ”

“ အင်း…ကိုလိုနီခေတ်က သဒ္ဒါဆရာတွေကို ဝါစင်္ဂရှစ်ပါး အတိုင်း တိတိကျကျလိုက်ရေးတာတော့ မဟုတ်ဘူး။ဝါစင်္ဂရှစ်ပါးလမ်းကြောင်းကို လုံးလုံးလည်းမပစ်ပယ်ဘူး။ ပြီးတော့ မြန်မာဘာသာစကားရဲ့ သွင်ပြင်လက္ခဏာတွေကို ဖော်ထုတ်ဖို့ အတတ်နိုင်ဆုံး ဆရာကြီး ကြိုးပမ်းသွားတယ်လို့ မြင်တယ်”

“ဒါဆို အရင်အပတ်က ဆရာပြောခဲ့တဲ့ ဆရာကြီးရဲ့ စာတမ်းမှာ ပြောသလို နာမ်နဲ့ကြိယာဆိုပြီး ဝါစင်္ဂနှစ်ပါးပဲ ရှိတယ်လို့တော့ သဒ္ဒါစာအုပ်တွေမှာ အပြတ်မပြောဘူးပေါ့နော်”

“ဟုတ်ပါတယ်။ ဒါပေမယ့် အရင်သဒ္ဒါဆရာတွေလို ဝါစင်္ဂရှစ်ပါးကို ခြွင်းချက်မရှိ လက်ခံတာတော့ မဟုတ်ဘူးကွဲ့”

“ဟုတ်ကဲ့ပါ”

“ဒီနေရာမှာ အရင်သဒ္ဒါတွေနဲ့ ဆရာကြီးရဲ့ သဒ္ဒါတွေနဲ့ ကွာခြားချက်တွေကို ပြောစရာရှိတယ်။ ပါဠိဝေါဟာရခက်ခက်ကြီးတွေ မသုံးဘဲ အတတ်နိုင်ဆုံး မြန်မာအသုံးတွေကို သုံးတာတော့ တွေ့တဲ့အတိုင်းပဲ။ အဲဒီလိုပဲ ဝါစင်္ဂရှစ်ပါးမှာသုံးတဲ့ ဝိဘတ်ကို ဆရာကြီးက နောက်ဆက်လို့ မြန်မာလိုသုံးတယ်။ အဲဒီလိုပဲ သမ္ဗန္ဓကို စကားဆက်လို့ သုံးတယ်”

**“တကယ်တော့ မြန်မာမှာ နာမဝိသေနဟာ ကြိယာနဲ့သဘောချင်း အတူတူပဲ။ ဂုဏ်ရည်ပြကြိယာလို့ ခွဲပြောတဲ့ ကြိယာနဲ့ နာမဝိသေသန၊ နာမဝိသေသနနဲ့ အတူတူမို့ နာမဝိသေသနကို တချို့ပညာရှင်တွေက ဝါစင်္ဂတစ်ခုအဖြစ် မသတ်မှတ်ကြဘူးလေ”**

“ဟုတ်ကဲ့ပါ”

“ပြီးတော့ ဆရာကြီးရဲ့ သဒ္ဒါတွေမှာ အာမေဍိတ်ကို ဝါစင်္ဂတစ်ခုအဖြစ် ပြမထားဘူး။ ဒါကြောင့် ဝါစင်္ဂရှစ်ပါးအတိုင်း ခြွင်းချက်မရှိ ယူတာမဟုတ်ဘူးလို့ ပြောတာပေါ့”

“ဟုတ်ကဲ့ပါ”

“နောက်အရေးကြီးတာတစ်ခုက ဆရာကြီးရဲ့သဒ္ဒါတွေမှာ နာမဝိသေသနကို သီးခြားဝါစင်္ဂအနေနဲ့မပြဘဲ ကြိယာတို့၊ နာမ်တို့ကို နာမဝိသေသနလိုသုံးတာလို့ ပြထားတာပဲ”

“ဟင်… ဟုတ်လား။ ကျွန်တော် သတိမထားမိလိုက်ပါဘူး”

“ကျွန်မလည်း မသိပါဘူးဆရာ”

“နာမ်တို့ ၊ကြိယာတို့ကို သီးခြားဝါစင်္ဂအဖြစ် ပြပြီးမှ နာမဝိသေသနကျတော့ ကြိယာနာမဝိသေသနနဲ့ နာမ်နာမဝိသေသနဆိုပြီး ကဏ္ဍတစ်ခုပြတယ်”

“ဟုတ်ကဲ့ပါ”

“ကြိယာနာမဝိသေသနမှာ ကြိယာကို နာမဝိသေသနအဖြစ် သုံးနိုင်သည်လို့ဆိုပြီးတော့ ‘ကောင်း’ဆိုတဲ့ဂုဏ်ရည်ပြကြိယာကို ‘သော’နောက်ဆက်တွဲရင် ‘ကောင်းသော’ဆိုတဲ့ နာမဝိသေသနဖြစ်တယ်လို့ ပြတယ်”

“သြော်… ဟုတ်ကဲ့”

“အဲဒီလိုပဲ နာမ်နာမဝိသေသနမှာလည်း နာမ်ကို နာမဝိသေသနအဖြစ် သုံးနိုင်သည်လို့ဆိုပြီး ‘မန္တလေးမြို့’မှာ မန္တလေးဆိုတဲ့နာမ်က နာမဝိသေသနကိုပဲ ‘မြို့’ ဆိုတဲ့နာမ်ကို ထူးခြားစေတယ်လို့ သာဓကေပြတယ်”

“ ဟုတ်ကဲ့ပါ”

“ ရိုးရိုးနာမ်လိုပဲ နာမ်ပုဒ်ကိုလည်း နာမဝိသေသနအဖြစ် သုံးနိုင်တယ်လို့ဆိုပြီးတော့ ‘ရန်ကုန်ကဆရာ’ ဆိုတဲ့ သာဓကေကိုပြတယ်။ ဆရာကြီးက နာမ်နောက်ကပစ္စည်းတွဲတွင် နာမ်ပုဒ်၊ ကြိယာနောက်က ပစ္စည်းတွဲရန် ကြိယာပုဒ်လို့ ခေါ်တယ်လေ။ ‘ရန်ကုန်က’ ဆိုတာ နာမ်ပုဒ်ပေါ့။ နောက်က ပစ္စည်းတွဲနေတာကိုး။ အဲ့ဒီ ‘ရန်ကုန်က’ ဆိုတဲ့နာမ်ပုဒ်က ‘ ဆရာ’ ကို နာမဝိသေသနလို အထူးပြုတာပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ ‘လုံနှင့်လူ’၊ ‘ဆရာကြီး၏ စာအုပ်’ ဆိုတဲ့ သာဓကေတွေမှာလည်း ‘လုံနှင့်’ဆိုတဲ့နာမ်ပုဒ်၊ ‘ဆရာကြီး၏’ ဆိုတဲ့ နာမ်ပုဒ်တွေက နောက်က‘လူ၊ စာအုပ်’ဆိုတဲ့ နာမ်တွေကိုအထူးပြုတယ်လေ”

“ နားလည်ပါတယ်ဆရာ”

“ နောက်တစ်ခုက ကြိယာနာမ်တွေကလည်း နာမ်ကို အထူးပြုတာပဲ။ ‘ချစ်ခြင်းမေတ္တာ’ တို့၊ ‘သောက်ရန်ရေ’ တို့၊ ‘ရောင်းဖို့ကုန်’ တို့ပေါ့။ ‘ချစ်ခြင်း၊ သောက်ရန်၊ ရောင်းဖို့’ ဆိုတဲ့ ကြိယာနာမ်တွေက နောက်က ‘မေတ္တာ၊ ရေ၊ ကုန်’ဆိုတဲ့ နာမ်တွေကို အထူးပြုတာပေါ့။ ကဲ… ဒီလောက်ဆိုရင် မြင်သာပါပြီ။ နာမဝိသေသနနဲ့ပတ်သက်ပြီး ဆရာကြီးဦးဖေမောင်တင်ရဲ့ သဘောထားဘယ်လိုလဲဆိုတာ ပြောချင်တာပါ။ ကျန်တဲ့ နာမဝိသေသနတွေ ဆက်ဖတ်ကြည့်ကြလေ”

“ ဟုတ်ကဲ့ပါ။ ကြိယာဝိသေသနကြတော့ကော ဆရာကြီးရဲ့သဘောထားက ဘယ်လိုပါလဲဆရာ”

“ ကြိယာဝိသေသနကိုတော့ ဝါစင်္ဂတစ်ခုအဖြစ် ဆရာကြီးက ပြည့်ပြည့်ဝဝလက်ခံတယ်။ ကြိယာဝိသေသနဖွဲ့ပုံကို ခေါင်းစဉ်တပ်ပြီး ကြိယာဝိသေသနပုံစံအမျိုးမျိုးပြထားတယ်။ ‘အမြန်၊ မပြတ်၊ တဆိတ်၊ မတ်တတ်၊ အကြိမ်ကြိမ်၊ တစိမ့်စိမ့်၊ တိတ်တဆိတ်၊ ဖြန်းကနဲ၊ ပြုံးတုံ့တုံ့၊ လောလောဆယ်၊ လျင်မြန်စွာ၊ အဆောအလျင်၊ မမှီတမှီ၊ ပျင်းပျင်းရိရိ၊ ကရော်ကယက်’ စသည်ဖြင့်ပေါ့။ အရင်းခံစကားလုံးကို ရှေ့ကနောက်က အလယ်က ပစ္စည်းတွေဆက်ပြီး ကြိယာဝိသေသနဖန်တီးပုံတွေကို အသေးစိတ်ပြထားတာပါ။ မြန်မာစကားမှာ အသုံးလည်းတွင်ကျယ်တဲ့ စကားလုံးတွေလေ။ စကားလက်စနဲ့မို့ ဆက်စပ်နေတဲ့ ပြဿနာတစ်ခုကို မေးကြည့်ချင်ပါတယ်ဆရာ”

“မေးလေ၊ ဘာပါလိမ့်”

“အခုပြောတဲ့ နာမဝိသေသနတို့၊ ကြိယာဝိသေသနတို့နဲ့ ပတ်သက်ပြီး တခြားပညာရှင်တွေရဲ့သဘောထားအယူအဆကို သိချင်လို့ပါ”

“ဟုတ်ပါတယ် ဆရာ။ ကျွန်မလည်း သိချင်ပါတယ်”

“ဆရာပြောခဲ့တဲ့အတိုင်း ဝါစင်္ဂရှစ်ပါးခွဲတဲ့အယူအဆဟာ ကိုလိုနီခေတ်မှာ အင်္ဂလိပ်သဒ္ဒါပုံစံကို လိုက်ရေးတဲ့မြန်မာသဒ္ဒါတွေကျမှ ထင်ထင်ရှားရှားတွေ့ရတာမို့ အင်္ဂလိပ်သဒ္ဒါရဲ့ adjective ကိုလိုက်ပြီး မြန်မာမှာ နာမဝိသေသနခွဲတာ၊ တကယ်တော့ မြန်မာမှာ နာမဝိသေနဟာ ကြိယာနဲ့သဘောချင်းအတူတူပဲ။ ဂုဏ်ရည်ပြကြိယာလို့ ခွဲပြောတဲ့ ကြိယာနဲ့ နာမဝိသေသန၊ နာမဝိသေသနနဲ့ အတူတူမို့ နာမဝိသေသနကို တချို့ပညာရှင်တွေက ဝါစင်္ဂတစ်ခုအဖြစ် မသတ်မှတ်ကြဘူးလေ”

“ဟုတ်ကဲ့ပါ။ ဆရာကြီးဦးဖေမောင်တင်ကိုယ်တိုင်လည်း အဲဒီသဘောမျိုး ပြောထားတာမဟုတ်လား ဆရာ”

“တစ်ခါ အဲဒီဂုဏ်ရည်ပြကြိယာလို့ ခေါ်တဲ့စကားလုံးတွေကို နာမဝိသေသနစစ်စစ်လို့ ယူဆတာလည်းရှိတယ်။ မြန်မာစကားမှာ နာမဝိသေသနရှိ မရှိဆိုတဲ့ပြဿနာကို အခုအထိ ပြောကြ၊ ဆိုကြတုန်းပဲ။ ဝါစင်္ဂရှစ်ပါးအယူအဆအရတော့ နာမဝိသေသနရှိတာပေါ့”

“ကြိယာဝိသေသနကိုရော ဆရာ”

“နာမဝိသေသနရှိ မရှိ ဝိဝါဒကွဲပေမယ့် ကြိယာဝိသေသနကျတော့ မြန်မာစကားမှာရှိတယ်လို့ တော်တော်များများ လက်ခံကြတယ်။ အဲ… နာမ်၊ ကြိယာ၊ ပစ္စည်းဆိုတဲ့ ဝါစင်္ဂသုံးမျိုးပဲရှိတယ်ဆိုတဲ့ အယူအဆအရတော့ နာမဝိသေသနရော၊ ကြိယာဝိသေသနရော မရှိဘူးပေါ့။ ကြိယာဝိသေသနရှိတယ်လို့ လက်ခံတဲ့နေရာမှာလည်း တချို့က အဲဒီစကားလုံးတွေဟာ ကြိယာကိုရော၊ နာမ်ကိုရော အထူးပြုနိုင်တာ များတယ်ဆိုပြီး ‘အထူးပြု’ကိုပဲ ဝါစင်္ဂတစ်ခုအဖြစ် လက်ခံတာလည်းရှိတယ်။ အဲဒီအယူအဆအရတော့ နာမဝိသေသနရော၊ ကြိယာဝိသေသနရော လက်ခံရာ ရောက်တာပေါ့။ ကဲ… တော်တော်ရှုပ်သွားပြီထင်တယ်”

“မရှုပ်ပါဘူး ဆရာ။ စိတ်ဝင်စားစရာကောင်းပါတယ်။ ဆက်ပြီးပြောပြပါဦး ဆရာ”

“အေး… စဉ်းစားမိသမျှ ပြောကြတာပေါ့”

# တက်တူးထိုးပြီးရေကူးခဲ့သည့် အမျိုးသားတစ်ဦး ကူးစက်ရောဂါပိုးဝင်ရောက်ကာ သေဆုံးခဲ့

ကလျာမိုးမြင့်

အမေရိကန်ပြည်ထောင်စု တက္ကဆတ်ပြည်နယ်က အမျိုးသားတစ်ဦးဟာ တက်တူးထိုးပြီးနောက် မက္ကဆီကို ပင်လယ်ကွေ့အတွင်းမှာ ရေဆင်းကူးမိရာက အသက်ဆုံးရှုံးခဲ့ရတဲ့ဖြစ်ရပ် တစ်ခုပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကဖြစ်ပွားခဲ့ပါတယ်။ ပင်လယ်ထဲမှာနေထိုင်တဲ့ အရေပြားကိုစားသုံးသော ဗက်တီးရီးယားပိုးဟာ ၎င်းထိုးထားတဲ့ တက်တူးကနေ တစ်ဆင့်ကူးစက်ဝင်ရောက်ပြီး ဒုက္ခပေးခဲ့တာဖြစ်တယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

အမျိုးသားဟာ ၎င်းရဲ့ညာဘက်ခြေသလုံးပေါ်မှာ တက်တူးထိုးခဲ့တာပါ။ တက်တူးထိုးပြီး ရက်သတ္တပတ်အနည်းငယ်ကြာတဲ့အထိ ရေမကူးဘဲနေဖို့ သတိပေးထားပေမယ့် ၎င်းဟာတက်တူးထိုးပြီး ငါးရက်အကြာမှာ ရေကူးဖို့ ပင်လယ်ဆီကိုသွားခဲ့ပါတယ်။

ရေကူးပြီး ရက်အနည်းငယ်အကြာမှာ ၎င်းဟာချမ်းစိမ့်ပြီးအဖျားတက်တဲ့ ဝေဒနာကို စတင်ခံစားလာရပါတယ်။ တက်တူးထိုးထားတဲ့ အရေပြားနေရာမှာ နီရဲရောင်ရမ်းလာသလို ခြေထောက်မှာရှိတဲ့တခြားနေရာတွေမှာပါ ရောင်ရမ်းလာတာကြောင့် ဆေးရုံကိုသွားခဲ့ပါတယ်။

ဆေးရုံရောက်ပြီးသိပ်မကြာခင်မှာပဲ နီရဲပြီး ရောင်ကိုင်းနေတဲ့ခြေထောက်က အနာတွေဟာခရမ်းရောင်ဖြစ်လာပြီး မန်းရည်တွေနဲ့ ဖောင်းကြွတဲ့အနာတွေ အဖြစ်ပြောင်းလဲလာပါတယ်။ဆရာဝန်တွေဟာ လူနာရဲ့နေ့ချင်းညချင်းဆိုသလို ပိုမိုဆိုးရွားလာနေတဲ့အနာတွေကို စိုးရိမ်ပူပန်ခဲ့ကြပါတယ်။

ဆရာဝန်တွေက လူနာဟာပူနွေးတဲ့ ကမ်းခြေဒေသက ရေတွေထဲမှာနေထိုင်တဲ့ Vibrio vulrificus ဗက်တီးရီးယားကူးစက်ခံရတာဖြစ်မယ်လို့ အကြီးအကျယ်သံသယဖြစ်ခဲ့ကြပါတယ်။ဖြစ်ခဲ့တဲ့ ကိစ္စရပ်တွေမှာ ဒီဗက်တီးရီးယားဟာ အရေပြားရဲ့ ထိခိုက်ဒဏ်ရာတွေကနေလူ့ခန္ဓာကိုယ်ထဲကို ဝင်ရောက်ပြီး တစ်သျှူးတွေကိုဖျက်ဆီးပစ်ကာ အသက်အန္တရာယ်ထိခိုက်နိုင်တဲ့ သွေးကြောအတွင်း ကူးစက်ရောဂါပိုးဝင်ရောက်မှုကို ဖြစ်ပွားစေတဲ့အထိ ဒုက္ခပေးနိုင်တယ်လို့ ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေး ဗဟိုဌာန (CDC) က ဖော်ပြထားပါတယ်။

တက်တူးထိုးခဲ့တဲ့အမျိုးသားဟာ ယခင်ကလည်း အရက်သောက်သုံးမှုကြောင့်ဖြစ်တဲ့ အသည်းထိခိုက်မှုဝေဒနာကို ခံစားခဲ့ရဖူးသူဖြစ်ပြီး အဲဒီထိခိုက်မှုက Vibrio vulrificus ရောဂါပိုးကူးစက်မှုကိုပိုမိုဆိုးရွားလာစေခဲ့တာ ဖြစ်တယ်လို့သိရပါတယ်။

လူနာကို ပဋိဇီဝဆေးတွေအပါအဝင် ဒဏ်ရာတွေကို သန့်စင်စေမယ့်တခြားကုသမှုတွေပြုလုပ်ခဲ့ပြီးနောက်မှာ လူနာရဲ့ အခြေအနေဟာ အနည်းငယ်တိုးတက်ကောင်းမွန်လာပြီး ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ထူထူထောင်ထောင်ပြန်ဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့် ဒါဟာအဆုံးသတ်မဟုတ်ပါဘူး။သိပ်မကြာခင်မှာဘဲ အမျိုးသားဟာ အခြေအနေပြန်ဆိုးလာခဲ့ပါတယ်။ နှစ်လလောက်ကြာတဲ့အခါမှာတော့ တက်တူးထိုးပြီး ရေကူးမိခဲ့တဲ့အမျိုးသားဟာ အရေပြားတစ်သျှူးတွေ ဖျက်ဆီးခံလိုက်ရခြင်း၊ အသည်းထိခိုက်ခြင်း၊ ကျောက်ကပ်အလုပ်မလုပ်တော့ခြင်း စတဲ့နောက်ဆက်တွဲပြဿနာတွေကို ခံစားခဲ့ရပြီး ကံအကြောင်းမလှစွာ သေဆုံးသွားခဲ့ရပါတယ်။



Vibrio vulrificus ကူးစက်ခံရမှုဟာ အသက်ဆုံးရှုံးတဲ့အထိ အန္တရာယ်ဖြစ်စေနိုင်တာမှန်ပေမယ့် ဗက်တီးရီးယားကြောင့် အပြင်းဖျားတာမျိုးကတော့ အဖြစ်နည်းတယ်လို့ သိရပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ Vibrio ဘက်တီးရီးယားကြောင့် ဖျားနာတဲ့သူဟာ တစ်နှစ်ကို ၈၀၀၀၀ လောက်ရှိပြီး အဲဒီထဲက အယောက် ၁၀၀ ခန့်ဟာ ရောဂါကူးစက်မှုကြောင့် သေဆုံးကြရတယ်လို့ဖော်ပြထားပါတယ်။

အရေပြားဆရာဝန်တွေဟာ တက်တူးထိုးပြီးချိန်မှာ အရေပြားကိုသန့်ရှင်းစွာထားဖို့ ၊နေရောင်ပြင်းပြင်းနဲ့တိုက်ရိုက်မထိတွေ့စေဖို့၊ တက်တူးထိုးပြီး ၁၀ ရက်လောက်ကြာတဲ့အထိရေမကူးဖို့ သတိပေးလမ်းညွှန်လေ့ရှိပါတယ်။

(Health news)

# လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်

## လူသားတိုင်းသည် မွေးဖွားကတည်းက လွတ်လပ်၍ညီမျှသော အခွင့်အရေးနှင့်ဂုဏ်သိက္ခာရှိသည်

ပဉ္စမအကြိမ်မြောက်




မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၁၃ ခုနှစ်ဇွန်လ ၁၅ - ၁၉ ရက်တွင်စတင်ကျင်းပခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ဖြစ်သော ဇွန်လ ၁၉ ရက်နေ့တွင်ဆုပေးပွဲအခမ်းအနားကျင်းပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်၍ဆုချီးမြှင့်ခဲ့ပါသည်။ ယခုအခါ ပဉ္စမအကြိမ်မြောက် လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၁၇ ခုနှစ် ဇွန်လ ၁၄ - ၁၉ တွင် ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံ နှင့် Junction City ရုပ်ရှင်ရုံတို့မှာ ကျင်းပတော့မည် ဖြစ်ပါသည်။

လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံအတွင်း မြို့ကြီး၊ မြို့ငယ်၊ ကျေးရွာ၊ တက္ကသိုလ်နှင့်ဘုန်းတော်ကြီးကျောင်းများတွင် ခရီးသွားရုပ်ရှင်ပွဲတော်များအဖြစ် ၂၀၁၃ ခုနှစ်စက်တင်ဘာလမှစ၍ကျင်းပခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မတ်လအထိ ခရီးသွားရုပ်ရှင်ပွဲတော်ပေါင်း ၉၁ ကိုမြန်မာနိုင်ငံအနှံ့အပြား နေရာဒေသ ၉၁ တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင်ပူတာအို၊
မြန်မာနိုင်ငံတောင်ပိုင်းတွင်ကော့သောင်း၊
မြန်မာနိုင်ငံအနောက်ပိုင်းတွင်တောင်ကုတ်၊
မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တာချီလိတ်
မြန်မာနိုင်ငံအလယ်ပိုင်းတွင်ပုဂံ၊ နေပြည်တော်၊ ရန်ကုန်တက္ကသိုလ်၊
မန္တလေးတက္ကသိုလ်၊ မြစ်ကြီးနားနည်းပညာတက္ကသိုလ်၊
မုံရွာတက္ကသိုလ် အပါအဝင် တက္ကသိုလ်ပေါင်း ၁၇ ခု၊
ပိုးကရင်ဓမ္မကောလိပ်၊ နတ်မောက် (ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်ပွဲတော်)၊
ကချင် ဂျန်မိုင်ကောင်း စစ်ဘေးရှောင်စခန်း၊ နေပြည်တော် ဝဲကြီး ကျေးရွာစသည်ဖြင့်မြန်မာနိုင်ငံအနှံ့အပြားတွင်ကျင်းပခဲ့ခြင်း ဖြစ်သည်။ ပြည်တွင်းတွင်သာမကပြည်ပနိုင်ငံများဖြစ်သော မလေးရှား၊ အိန္ဒိယနှင့်အမေရိကနိုင်ငံများတွင်လည်း ခရီးသွားရုပ်ရှင်ပွဲတော်များ ကျင်းပခဲ့သည်။

ရုပ်ရှင်ပွဲတော် ၄ ကြိမ်အတွင်း နိုင်ငံတကာရုပ်ရှင် ၁၂၇ ကား နှင့် ပြည်တွင်းရုပ်ရှင် ၁၂၅ ကားကို ပြသခဲ့ပြီးလာရောက် ကြည့်ရှုသူ ပရိသတ်ပေါင်း ၁၁၂၄၀၀ ရှိခဲ့ပါသည်။ ယခုပဉ္စမအကြိမ်မြောက် ရုပ်ရှင်ပွဲတော်တွင်နိုင်ငံတကာရုပ်ရှင်၁၁ ကားနှင့် ပြည်တွင်း ရုပ်ရှင် ၅၄ ကားကို ပြသသွားမည်ဖြစ်ပါသည်။

ဤကဲ့သို့မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ ရုပ်ရှင်ပွဲတော်များ အောင်မြင်စွာကျင်းပနိုင်ရန်ထောက်ပံ့ကူညီပေးခဲ့ကြသော သံရုံးများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊သတင်းမီဒီယာများ၊ ရုပ်ရှင်ရိုက်ကူးပေးပို့ခဲ့ကြသည့်ရုပ်ရှင် ဒါရိုက်တာများနှင့်ရုပ်ရှင်ပွဲတော်သို့ တခဲနက်လာရောက်ကြည့်ရှုခဲ့ကြသည့် ပရိတ်သတ်များကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ၁၄ - ၁၉ ဇွန်လ ၂၀၁၇ ဝဇီရာ နှင့် JUNCTION CITY ရန်ကုန် မြန်မာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် အောက်ပါ ဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးများလစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ကြပါသည် -

| စဉ် | တက္ကသိုလ်/ဒီဂရီကောလိပ်၊ ကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | ရန်ကုန်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ မနုဿဗေဒ ၁၀။ ရှေးဟောင်းသုတေသနပညာ ၁၁။ စာကြည့်တိုက်နှင့်သုတပညာ ၁၂။ ဘူမိဗေဒ ၁၃။ ကုန်ထုတ်ဓာတုဗေဒ ၁၄။ ကွန်ပျူတာသိပ္ပံပညာ |
| ၂။ | မန္တလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ နိုင်ငံတကာဆက်ဆံရေးပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဥပဒေပညာ ၉။ ရှေးဟောင်းသုတေသနပညာ ၁၀။ စီးပွားရေးပညာ ၁၁။ ရူပဗေဒ ၁၂။ သင်္ချာ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ ကွန်ပျူတာသိပ္ပံပညာ ၁၆။ ကုန်ထုတ်ဓာတုဗေဒ |
| ၃။ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စီမံခန့်ခွဲမှုပညာ ၅။ စာရင်းအင်းပညာ |
| ၄။ | ရန်ကုန်ပညာရေးတက္ကသိုလ် | ၁။ ပညာရေးသဒ္ဒေဘာတရား ၂။ သင်ပြနည်း ၃။ ပညာရေးစိတ်ပညာ ၄။ ကာယနှင့် ကျောင်းကျန်းမာရေးပညာ |
| ၅။ | မော်လမြိုင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ ဒဿနိကဗေဒ ၄။ ဥပဒေပညာ ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ ဘူမိဗေဒ ၉။ အဏ္ဏဝါသိပ္ပံ |
| ၆။ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဥပဒေပညာ ၅။ စီးပွားရေးပညာ |
| ၇။ | တောင်ကြီးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ |
| ၈။ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဓာတုဗေဒ ၃။ ဇီဝဗေဒ ၄။ စီးပွားရေးပညာ |
| ၉။ | ဒဂုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ စိတ်ပညာ ၆။ ဥပဒေပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဓာတုဗေဒ ၉။ သင်္ချာ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ ၁၂။ ကုန်ထုတ်ဓာတုဗေဒ ၁၃။ ကွန်ပျူတာ သိပ္ပံပညာ |
| ၁၀။ | မကွေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အရှေ့တိုင်းပညာ ၃။ စိတ်ပညာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဘူမိဗေဒ |
| ၁၁။ | ပုသိမ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ သတ္တဗေဒ ၇။ ရုက္ခဗေဒ |
| ၁၂။ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပြင်သစ်ဘာသာ ၃။ ဂျာမန်ဘာသာ၄။ ကိုရီးယားဘာသာ ၅။ မြန်မာစာ ၆။ ရုရှားဘာသာ ၇။ ထိုင်းဘာသာ ၈။ အီတာလျံဘာသာ |
| ၁၃။ | စစ်တွေတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ ဥပဒေပညာ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ သင်္ချာ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ |
| ၁၄။ | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ |
| ၁၅။ | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဂျာမန်ဘာသာ ၃။ ထိုင်းဘာသာ ၄။ မြန်မာစာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၆။ | မြစ်ကြီးနားတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ |
| ၁၇။ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သင်္ချာ ၅။ ဘောဂဗေဒ ၆။ အသုံးချဘောဂဗေဒ ၇။ ဝါဏိဇ္ဇဗေဒ ၈။ စာရင်းအင်းပညာ ၉။ စီမံခန့်ခွဲမှုပညာ |
| ၁၈။ | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ စီးပွားရေးပညာ |
| ၁၉။ | တောင်ငူတက္ကသိုလ် | ၁။ ဓာတုဗေဒ ၂။ ရူပဗေဒ ၃။ သင်္ချာ ၄။ သတ္တဗေဒ ၅။ ရုက္ခဗေဒ ၆။ ဘူမိဗေဒ ၇။ အင်္ဂလိပ်စာ ၈။ စိတ်ပညာ |
| ၂၀။ | ပြည်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ အရှေ့တိုင်းပညာ ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ ဘူမိဗေဒ |
| ၂၁။ | ထားဝယ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ဘူမိဗေဒ |
| ၂၂။ | ရတနာပုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဓာတုဗေဒ ၃။ ရူပဗေဒ ၄။ သင်္ချာ ၅။ သတ္တဗေဒ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ ၈။ ကုန်ထုတ်ဓာတုဗေဒ |
| ၂၃။ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ စိတ်ပညာ ၅။ ဥပဒေပညာ ၆။ အရှေ့တိုင်းပညာ ၇။ ရုက္ခဗေဒ ၈။ ဘူမိဗေဒ |
| ၂၄။ | မိတ္ထီလာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၂၅။ | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၂၆။ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ ၆။ သင်္ချာ ၇။ မြန်မာစာ ၈။ ပထဝီဝင် |
| ၂၇။ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ ရုက္ခဗေဒ ၈။ ဘူမိဗေဒ ၉။ ကုန်ထုတ်ဓာတုဗေဒ |
| ၂၈။ | ကျောက်ဆည်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ရူပဗေဒ ၄။ သတ္တဗေဒ ၅။ ရုက္ခဗေဒ ၆။ ဘူမိဗေဒ |
| ၂၉။ | ဟင်္သာတတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ပထဝီဝင် ၅။ ဒဿနိကဗေဒ ၆။ ဓာတုဗေဒ ၇။ ရူပဗေဒ ၈။ သင်္ချာ ၉။ သတ္တဗေဒ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ |
| ၃၀။ | ပင်လုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ ဓာတုဗေဒ ၄။ ရူပဗေဒ ၅။ သင်္ချာ ၆။ သတ္တဗေဒ ၇။ ရုက္ခဗေဒ ၈။ ဘူမိဗေဒ |
| ၃၁။ | မအူပင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၃၂။ | ဘားအံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၃၃။ | ကလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၃၄။ | မြိတ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ ၁၁။ အဏ္ဏဝါသိပ္ပံ |
| ၃၅။ | လှိုင်ကော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သတ္တဗေဒ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ |
| ၃၆။ | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ သင်္ချာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ |
| ၃၇။ | ကျိုင်းတုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ ရူပဗေဒ ၆။ သင်္ချာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ |
| ၃၈။ | ဖန်းမော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဓာတုဗေဒ ၇။ ရူပဗေဒ ၈။ သင်္ချာ ၉။ သတ္တဗေဒ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ |
| ၃၉။ | ပဲခူးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ |
| ၄၀။ | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဓာတုဗေဒ ၇။ ရူပဗေဒ ၈။ သင်္ချာ ၉။ သတ္တဗေဒ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ |
| ၄၁။ | စစ်ကိုင်းတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ ဓာတုဗေဒ ၃။ ရူပဗေဒ ၄။ သင်္ချာ ၅။ သတ္တဗေဒ ၆။ ရုက္ခဗေဒ |
| ၄၂။ | ရေနံချောင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ သမိုင်း ၃။ ပထဝီဝင် ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ သင်္ချာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ |
| ၄၃။ | မြင်းခြံဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ သင်္ချာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ |
| ၄၄။ | မိုးညှင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ |
| ၄၅။ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးပညာ ၃။ ကွန်ပျူတာသိပ္ပံပညာ ၄။ သတင်းအတတ်ပညာ ၅။ ခရီးသွားလုပ်ငန်းပညာ |
